# ခေတ်ပြိုင်

## သတင်းလွှာ




အတွဲ(၄)၊အမှတ်(၁၀)။

၂၀၁၀ ခုနှစ်၊ဖေဖေါ်ဝါရီလ(၅)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## ဆင်မလိုက်ယာယီဈေးဖွင့်လှစ်ပြီ

ယာယီဆင်မလိုက်ဈေးကိုဇန်နဝါရီ ၂၇ရက်နေ့ကဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ ဆိုင်ခန်း၃၀၀ကျော်ကိုဇန်နဝါရီ ၂၆ရက်နေ့က ပြင်ဆင်နေရာချထားပေးပြီးအဆိုပါ ယာယီဈေးတွင် အုပ်စုငါးအုပ်စုအဖြစ် (၁)အဝတ်အထည်စက်ချုပ်ဆိုင်၊ (၂)သားငါးဆိုင်၊ (၃)ကုန်မျိုးစုံ၊ (၄)ကုန်ခြောက်နှင့် (၅)စားသောက်ကုန်ဟူ၍ ခွဲခြားရောင်းချကြောင်း သိရသည်။ ယခင်ဈေးဟောင်းမှပုံကျဈေးသည်များကို ဈေးရောင်းခွင့်ကတ်ပြားရှိမှသာလျှင်ရောင်းခွင့်ပြုကြောင်းသိရသည်။ ဆိုင်ခန်းများလုံခြုံရေးအတွက် ဈေးသည်များကိုယ်တိုင်ဆိုင်ခန်းအကာ၊အောက်ခန်းအဖုံးများကိုကိုယ်တိုင် ပြုလုပ်တပ်ဆင်ရကြောင်း၊ ယာယီဈေးမီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရန်အတွက် မီးသတ်ဆေးဘူး၊ ရေစသည်တို့ကိုထားရှိကာပြင်ပမှဈေးသည်များကိုလည်း ထိုဈေးတွင်ရောင်းချခွင့်မပေးကြောင်းရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယာယီဆင်မလိုက်ဈေးတွင်ဆိုင်ခန်းတစ်ခန်းကိုယခင်ဈေးဟောင်းမှ အကောက်ခွန်နှုန်းအတိုင်းတစ်လလျှင် ကျပ် ၁၂၀၀ပေးရကြောင်း၊ သန့်စင်ခန်းများကိုလည်းအသစ်တည်ဆောက် ပေးထားကြောင်းသိရသည်။ယာယီဈေးကိုအမှတ်၆ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်ရဲစခန်းနောက်ကျော၊ ကြည့်မြင်တိုင်မြို့နယ်တွင်တည်ဆောက်ထားပြီး ဈေးဖွင့်ချိန်မှာနံနက် ၆နာရီမှာ ညနေ၆နာရီအထိဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၄ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ကမ္ဘောဇဘဏ်ကုမ္ပဏီအုပ်စုက အမ်အေအိုင် လေကြောင်းလိုင်းအား လွှဲပြောင်းလုပ်ကိုင်မည်

မြန်မာနိုင်ငံတွင် ၂၀၀၉ခုနှစ်နှောင်းပိုင်းမှစ၍ ဈေးကွက်စီးပွားရေးစနစ်ပိုမိုပီပြင်လာစေရေးအလို့ငှာ နိုင်ငံပိုင်ဆောင်ရွက်ခဲ့သော စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလျက်ရှိရာ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI)အား ကမ္ဘောဇကုမ္ပဏီမှ လွှဲပြောင်းလုပ်ကိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထိုသို့လွှဲပြောင်းလုပ်ကိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များအား ဆောင်ရွက်လျက်ရှိပြီး အသေးစိတ်ကို မကြာမီသတင်းထုတ်ပြန်သွားမည်ဟု အဆိုပါကုမ္ပဏီအုပ်စုမှ သတင်းရရှိသည်။ အဆိုပါကုမ္ပဏီက လေကြောင်းလိုင်း၏ အစုရှယ်ယာ ၈၀ရာခိုင်နှုန်းကို မြန်မာလေကြောင်းလိုင်းက ဆက်လက်ပိုင်ဆိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ လက်ရှိတွင် MAI သည် လေယာဉ်အသစ် ၂စင်းဖြစ်သောအဲဘတ်စ် အေ ၃၂၀ဖြင့် ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူနှင့် ဂယာ မြို့များသို့ ပျံသန်းပေးလျက်ရှိသည်။ MAI လေကြောင်းလိုင်းမှာ ၁၉၉၃ခုနှစ်ဩဂုတ်လတွင် မြန်မာလေကြောင်းနှင့် စင်ကာပူနိုင်ငံမှရင်းနှီးမြှုပ်နှံသူများနှင့်အကျိုးတူစတင်တည်ထောင်ခဲ့သည်။ မြန်မာလေကြောင်းမှာ ၁၉၄၈ခုနှစ်ကတည်းကတစ်ခုတည်းသော ပြည်တွင်းလေကြောင်းလိုင်းအဖြစ် ရှိခဲ့ကြောင်း၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။မြန်မာနိုင်ငံသားများဘဏ်မှ ချေးယူထားသော ချေးငွေများအား တစ်နှစ်အတွင်းပြန်သွင်းစရာမလိုဘဲ နှစ်နှစ်သက်တမ်းသတ်မှတ်လိုက်ကြောင်းသိရမြန်မာနိုင်ငံသားများဘဏ်မှချေးယူထားသော ဘဏ်ချေးငွေများအားယခင်က တစ်နှစ်သက်တမ်းပြည့်ပါက ပြန်သွင်းရလေ့ရှိသော်လည်း ယခုအခါ နှစ်နှစ်သက်တမ်းပြည့်မှ သာပြန်သွင်းနိုင်ကြောင်းယင်းဘဏ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။ "အရင်တုန်းက ကျွန်တော်တို့ဘဏ်မှာ လုပ်ငန်းရှင်တွေက ငွေလာချေးတဲ့အခါ ချေးယူသွားတဲ့ငွေကိုတစ်နှစ်ပြည့်ရင်ပုံမှန်ပြန်ဆပ်ပါတယ်။ အဲဒီအခါ လုပ်ငန်းရှင် တွေအနေနဲ့ လက်ထဲမှာငွေမလည်ပတ်တာမျိုးဖြစ်တဲ့အခါ အခြားတစ်နေရာက ပြန်ဆွဲပြီးပေးရတာမျိုး၊ရှိပြီးသားပစ္စည်းတွေကို ငွေဖော်ပြီးပြန်ဆပ်ရတာမျိုးဖြစ်တော့လုပ်ငန်းလည်ပတ်မှုကိုနှောင့်နှေးစေခဲ့ပါတယ်။ အဲဒီအတွက် အခုနှစ်နှစ် သက်တမ်းတိုးလိုက်တာပါ" ဟုအဆိုပါတာဝန်ရှိသူကပြောပြခဲ့သည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် အတိုးနှုန်းအား ၁၇ရာခိုင်နှုန်းဖြင့် လုပ်ငန်းရှင်များအား ချေးပေးနေကြောင်းနှင့် ဘဏ်အပ်ငွေများအပေါ်တွင် ၁၂ရာခိုင်နှုန်းအတိုးပေးထားပြီး အဖွဲ့အစည်းများမှ လွဲ၍ တစ်ဦးချင်းအား အကန့်အသတ်မရှိလက်ခံကြောင်းသိရှိရသည်။ "ဘဏ်အနေနဲ့ ချေးငွေအတိုးပေးသွင်းမှုမှန်ကန်တယ်၊ လုပ်ငန်းလည်းကောင်းတယ်ဆိုရင် တစ်နှစ်တစ်ကြိမ်အစား နှစ်နှစ်တစ်ကြိမ်တိုးမြှင့် ပြီးခံစားခွင့်ပေးထားပါတယ်။ အဲဒီလူကဘဏ်နဲ့လက်တွဲပြီးအလုပ်လုပ်တာ နှစ်နှစ်သက်တမ်းလောက်တော့ရှိရပါမယ်။ ချေးတဲ့နေရာမှာတော့ဗဟိုဘဏ်ရဲ့ညွှန်ကြားချက်နဲ့ ဒါရိုက်တာအဖွဲ့ရဲ့စိစစ်မှုအနေအထားပေါ်မတည်ပြီးရာဖြတ် တန်ဖိုးကိုလည်းကြည့်တယ်။ နောက်ပြီးလုပ်ငန်းရဲ့သမိုင်းကြောင်းတွေကိုလည်းကြည့်ပါတယ်။အတိုးနှုန်းကသုံးလတစ်ကြိမ်သွင်းပေးရမှာဖြစ်တယ်"ဟုအဆိုပါတာဝန်ရှိသူကပြောပြခဲ့သည်။အလားတူ အပ်ငွေများကိုလည်း ၁၂ရာခိုင်နှုန်းအတိုးဖြင့် လက်ခံလျက်ရှိပြီး ယခင်က တစ်ကြိမ်လျှင်ကျပ် ၁၅သိန်းသာလက်ခံခဲ့သော်လည်းနောက်ပိုင်းကျပ် ၁၅သိန်း၊ကျပ်သိန်း၂၀၊ ကျပ်သိန်း၃၀၊ ကျပ်သိန်း၅၀အထိလက်ခံခဲ့ပြီး ယခုအခါအကန့်အသတ်မထားဘဲလက်ခံနေကြောင်းသိရှိရသည်။ အလားတူငွေစုသူများလည်းသုံးလတစ်ကြိမ်အတိုး ထုတ်ခွင့်ရှိပြီး စုဆောင်းထားသော ငွေကြေးအားကြိုက်သည့်အချိန်တွင်ပြန်လည်ထုတ်ယူနိုင်ကြောင်း၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အရေးပေါ်အခြေအနေအတွင်းသွေးလိုအပ်နေသူများအတွက်လူငယ်သွေးလှူရှင်အဖွဲ့က သွေးလှူဒါန်းမည်

အရေးပေါ်အခြေအနေအတွင်း သွေးလိုအပ်နေသော လူနာများအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်းလက်အောက်ရှိ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှ သွေးလှူရှင်အဖွဲ့(HIV Free Blood Pool) မှ သွေးလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ တာဝန်ရှိသူဒေါက်တာ စည်သူဆွေက ၂၃-၁-၂၀၁၀ရက်တွင်ပြောသည်။ " ဒီမှာရှိတဲ့ အဖွဲ့ဝင်အားလုံးကို သွေးအုပ်စုအလိုက် ခွဲထားတာတွေရှိတယ်။ တကယ်လို့သွေးတောင်းခံလာရင် အေသွေးကိုအေသွေး၊ ဘီသွေးကိုဘီသွေးလှူနိုင်အောင်ပါ။ နောက်ပြီးကျွန်တော်တို့အနေနဲ့အလှူရှင်ရောက်တဲ့နေရာ၊ တောင်းခံတဲ့နေရာအထိ ချက်ချင်းပို့ပေးပါတယ်။ အဲဒီအတွက် အလှူခံတဲ့သူက ဘာမှပေးစရာမလိုပါဘူး" ဟုၤင်းကရှင်းပြသည်။ ယင်းကဲ့သို့ သွေးတောင်းခံရာတွင် လူနာရှင်ကိုယ်တိုင်တိုက်ရိုက်တောင်းခံရမည်ဖြစ်ကြောင်းၤင်းကဆက်လက်၍ ပြောသည်။ "ပြီးခဲ့တဲ့နှစ်တုန်းက အဲဒီလိုပဲလူတစ်ယောက်ကနေ သွေးတောင်းခံလာတယ်။ ပထမတော့မသိဘူး။ နောက်တော့ ကြားပွဲစားဖြစ်နေတယ်။ သူကအလှူရှင်ဘက်ကိုအခကြေးငွေယူပြီး ဒီကနေသွေးကိုတောင်းခံတာဖြစ်တယ်။ ဒါကြောင့်အရေးပေါ် အဆင့်မှလှူမယ်။ နောက်လူနာရှင်ကိုယ်တိုင်တိုက်ရိုက်တောင်းခံရမယ်"ဟု ၤင်းကပြောသည်။ လူငယ်များဖြင့် ဖွဲ့စည်းထားသော သွေးအလှူရှင်အဖွဲ့သည် ယခုအခါ အဖွဲ့ဝင်လူငယ် ၂၀၀ကျော်ရှိပြီး ယင်းအဖွဲ့အား ၂၀၀၈ခုနှစ် မေလကစတင်ဖွဲ့စည်းခဲ့ကြောင်းနှင့် သွေးတောင်းခံသောသူများအတွက် နေ့စဉ်နံနက် ၉နာရီမှ ၄နာရီအတွင်းဖုန်း၃၉၉၀၂၀ သို့ဆက်သွယ်နိုင်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၄ရက်နေ့ထုတ်ပြည်မြန်မာ ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဆင်ဆာမဲ့နှင့် ခိုးကူးခွေများရောင်းချနေသော လမ်းဘေးဆိုင်များကို တရားဝင်ရောင်းချခွင့်လိုင်စင်ပြုလုပ်ပေးမည်

ဆင်ဆာမဲ့နှင့် ခိုးကူး ဗွီစီဒီ၊ ဒီဗွီဒီခွေများ တရားမဝင် ရောင်းချနေသော လမ်းဘေးရှိ အရောင်းဆိုင်များကို တရားဝင်ရောင်းချခွင့်လိုင်စင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားသည်။ ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ခိုးကူးခွေလျှော့ကျရေးအတွက်ယင်းသို့လုပ်ဆောင်ခြင်းဖြစ်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ လမ်းဘေးအရောင်းဆိုင်များကို သတ်မှတ်လိုင်စင် ပြုလုပ်ပေးပြီးပါက မူရင်းခွေများကို ဈေးနှုန်းလျှော့ချပေးမည့်အပြင် အပ်ကုန်စနစ်ဖြင့် ဖြန့်ဖြူးပေးမည်ဟု တေးထုတ်လုပ်ရေးများကပြောသည်။ "ကျွန်တော်ရဲ့သဘောထားကပလက်ဖောင်းဆိုင်တွေက အစစ်ခွေရောင်းမယ်ဆိုရင် လျှော့နိုင်သလောက်ဈေးလျှော့ပေးမယ်။ အရေအတွက်များရင် ကျွန်တော်တို့လဲ ဈေးလျှော့နိုင်တယ်။ ဂီတလောကလဲအထိုက်အလျောက် အခြေအနေပြန်ကောင်းလာမယ်။ ခိုးကူးခွေကို ဒိုင်တွေကလာချပေးတာဖြစ်လို့ လိုင်စင်သာရှိရင် ကျွန်တော်တို့လဲ လုပ်ပေးလို့ရတယ်" ဟု ရတနာမြိုင်တေးထုတ်လုပ်ရေးမှ ဦးချန်ဟိန်းကပြောသည်။ ခိုးကူးခွေများကြောင့် ဂီတလောကမှာ ရာခိုင်နှုန်း ၉၀နီးပါးလျှော့ကျပျက်စီးနေပြီးနာမည်ကျော်အဆိုတော်များပင်သီချင်းခွေဖြန့်ချိသည့်အခါအရောင်းမြှင့်တင်ပွဲနှင့်တွဲ၍ ရောင်းချနေကြရကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၂ရက်နေ့ထုတ် Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## တရားဝင်နိုင်ငံခြားငွေရရှိသူတိုင်းစက်သုံးဆီ၊ယာဉ်အပါအဝင်ပြည်ပမှ ကုန်ပစ္စည်းအားလုံးတင်သွင်းခွင့်ပြု

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပပို့ကုန်ဝင်ငွေ ( Export Earning ) ရှိသူများသာပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းခွင့်ပြုခဲ့ရာမှ ကုန်ပစ္စည်းများတင်သွင်းခွင့်ပြုခဲ့ရာမှ ယခုအခါ နိုင်ငံခြားငွေ တရားဝင်ရှိသူတိုင်း စက်သုံးဆီ၊ မော်တော်ယာဉ်အပါအဝင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းခွင့်ပြုလိုက်ကြောင်းအဆိုပါဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီဌာနနှင့် ပြည်တွင်းစီပွားရေးလုပ်ငန်းရှင်များထံမှစုံစမ်းသိရှိရသည်။ စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ပပို့ကုန်ဝင်ငွေရှိသူများသာမက ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော ဝင်ငွေများဖြင့် လည်းကုန်ပစ္စည်းများတင်သွင်းခွင့်ပြုကြောင်းဇန်နဝါရီလ ၂၅ရက်နေ့တွင် တရားဝင်သတင်းထုတ်ပြန်သည်။ "ဝန်ဆောင်မှုလုပ်ငန်းဆိုတာကဟိုတယ်၊ခရီးသွားလုပ်ငန်းတွေလည်းပါမယ်။ ပြည်တွင်းမှာ နိုင်ငံခြားသားတွေကိုအိမ်ငှား၊ခြံငှားလို့ရတဲ့ နိုင်ငံခြားဝင်ငွေလည်းအကျုံးဝင်ပါတယ်။ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်လို့ရလာတဲ့ဝင်ငွေကလည်းအကျုံးဝင်တယ်။ တရားဝင်နိုင်ငံခြားဝင်ငွေ ရှိတဲ့သူတိုင်းကိုခွင့်ပြုတဲ့သဘောပါပဲ" ဟု ပြည်တွင်းသို့မော်တော်ယာဉ်များတင်သွင်းနေသည့်လုပ်ငန်းရှင်ကြီးတစ်ဦးကမှတ်ချက်ပြုသည်။ တရားဝင်နိုင်ငံခြားငွေရှိသူတိုင်းပြည်ပမှ ကုန်ပစ္စည်းတင်သွင်းခွင့်ပြုလိုက်သည့်အတွက် ဈေးကွက်တွင်ပို့ကုန်ဝင်ငွေများဈေးထိုးကျသွားပြီး ဝယ်ယူသူအလွန်နည်းပါးသွားကြောင်းဈေးကွက်သတင်းအ

## အီလက်ထရွန်နစ်ဆေးမှတ်တမ်း ပြည်တွင်း၌အသုံးပြုနိုင်ရန်စီစဉ်

ဆေးရုံ၊ ဆေးခန်းဆိုင်ရာ လူနာမှတ်တမ်းများကို စာရွက်စာတမ်းစနစ်အသုံးပြုရာမှအီလက်ထရွန်နစ် ဆေးမှတ်တမ်းစနစ်(Electronic Medical Record)ပြည်တွင်း၌အသုံးပြုဆောင်ရွက်ရန် ၂၀၁၀ နှစ်ဦးပိုင်းမှစ၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နယူးဇီလန်နိုင်ငံအခြေစိုက် NZTE ကုမ္ပဏီလီမိတက် မြန်မာနိုင်ငံအုပ်ချုပ်မှုဒါရိုက်တာဦးဝင်းနိုင်ဦးက ပြောကြားသည်။ ယင်းစနစ်ကို ယခုနှစ်ဆန်းတွင်မှ စတင်စီစဉ်ခြင်းဖြစ်ပြီး စတင်အသုံးပြုနိုင်သည့် အချိန်ကိုမူ မပြောနိုင်သေးကြောင်း ၎င်းကဆိုသည်။အဆိုပါအီလက်ထရွန်နစ်ဆေးမှတ်တမ်းစနစ်ဖြင့် လူနာ၏ဆေးမှတ်တမ်းအချက်အလက်များ၊ ဓါတ်ခွဲခန်း စစ်ဆေးချက်အဖြေများ၊ အများနှင့်ဆိုင်သည့်ကျန်းမာရေးအစီရင်ခံစာများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်နှစ်မျိုးစလုံးကို အွန်လိုင်းချိတ်ဆက်အသုံးပြုနိုင်သော နေရာတွင်သာ သုံးနိုင်မည်ဖြစ်သော်လည်း စမတ်ကတ်မှာ ကိုင်ဆောင်ထားနိုင်သည့်အတွက် မိမိကြည့်ရှု လိုသည့်အချိန်တွင် အချိန်မရွေးပြန်ကြည့်နိုင်သည့် အားသာချက်ရှိကြောင်း၊ EMR စနစ်ဖွံ့ဖြိုးစေရန်အတွက် ပုဂ္ဂလိကနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍဆိုင်ရာဌာနများအပြင်အဆင့်မြင့်ပညာဦးစီးဌာနကိုပါ တစ်ဆင့်တင်ပြဆွေးနွေးသွားရမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ "လူနာမှတ်တမ်းကို စာအုပ်စာတမ်းတွေအစား ကတ်စနစ်၊ Online စနစ်နဲ့ သွားမှာဖြစ်ပြီး ဆေးရုံ၊ ဆေးခန်းတွေကနေတစ်ဆင့် ရောင်းချပေးသွားနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု EMRစနစ်အတွက်ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်မြန်မာနွယ်ဝင်း ကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ လူနာတစ်ဦးချင်းအတွက် လျှို့ဝှက်သင်္ကေတ စနစ်ဖြင့် လုံခြုံမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီလက်ထရွန်နစ်ဆေးမှတ်တမ်းကို ရေးသားဖတ်ရှုရန် ဆက်သွယ်ရေးစက်ကိရိယာများတပ်ဆင်ထားသည့် အလုပ်ရုံရုံးခန်းတွင်သာမက လက်ရေးနှင့် ရေးသားပေးပို့နိုင်သည့် လက်ကိုင်မိုဘိုင်းလ်ဖုန်း၊ Laptop တို့ဖြင့်လည်း အသုံးပြုပေးပို့နိုင်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၁ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပုဂ္ဂလိကအထူးကုဆေးရုံဆေးခန်းများသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအရ မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအရ ပုဂ္ဂလိကအထူးကုဆေးခန်းများသည် မည်သည့်အရေးပေါ်လူနာကိုမဆိုအသက်ကယ်လုပ်ငန်းများဆောင်ရွက်ပေးရမည်ဖြစ်ပြီး လိုက်နာပါက လိုင်စင်ပယ်ဖျက်ခြင်းမခံရနိုင်ကြောင်းသိရသည်။ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ လိုက်နာရမည့်ကျင့်ဝတ်များကို ဖော်ညွှန်းထားသည့်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ၂၀၀၇ခုနှစ်အတွင်း၌ ပြဋ္ဌာန်းထားခဲ့ပြီး ယခုအချိန်၌ အဆိုပါဥပဒေကို ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေနှင့် ဥပဒေပြဋ္ဌာန်းချက်ပါ ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာရန် လိုအပ်ကြောင်းနှင့် ယင်းကျင့်ဝတ်များကို တိတိကျကျလိုက်နာရန် ဆေးကောင်စီမှ ထပ်မံအသိပေးထားပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းရရှိပါသည်။ ပုဂ္ဂလိကအထူးကုဆေးခန်းများမှ တာဝန်ခံပုဂ္ဂိုလ်သည် မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာရန်ပျက်ကွက်ပါက သတိပေးခြင်း၊ သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ လိုင်စင်ကို ပယ်ဖျက်ခြင်းတို့ ခံရနိုင်ကြောင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအရ သိရသည်။ ပုဂ္ဂလိကဆေးခန်း၏ အင်္ဂါရပ်များထဲတွင် အတွင်းလူနာကို လက်ခံခွင့်မရှိဘဲ ပြင်ပလူနာကိုသာ ပြုစုကုသပေးခြင်းဟူသည့်အချက်ပါဝင်နေသော်လည်း ပုဂ္ဂလိကဆေးရုံ၏ အင်္ဂါရပ်များထဲတွင် ပြင်ပလူနာကိုဖြစ်စေ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်းဟူသည့်အချက်ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သက်တမ်းအရင့်ဆုံး"ကိုလိုဗိုင်း" မျိုးစုဝင်ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေတွေ့ရှိ

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း) မန္တလေးဌာနခွဲမှ အရာထမ်း၊ အမှုထမ်းများပညာရေးဝန်ကြီးဌာနမှ ဘူမိဗေဒပညာရှင်များနှင့် ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ်မှကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များပါဝင်သည့်မြန်မာ-ဂျပန်ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာရေးသုတေသနအဖွဲ့သည် လူသားမျိုးနွယ်၏ မူလအစဖြစ်သော အဆင့်မြင့်လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကိုပုံတောင်ဒေသ၌ ပိုမိုပြည့်စုံခိုင်မာစွာတွေ့ရှိခြင်းဖြင့် "လူသားမျိုးနွယ်အစ မြန်မာက"ဟူသော အဆိုကိုပိုမို ခိုင်မာစေရန်ရည်ရွယ်လျက် မကွေးတိုင်းပခုက္ကူခရိုင်ဆိပ်ဖြူမြို့နယ်၊ မြိုင်မြို့နယ်၊ပေါက်မြို့နယ်နှင့် မကွေးခရိုင်မကွေးမြို့နယ်တို့၌ ၂၀၀၉ခုနှစ်နိုဝင်ဘာ ၂၀ရက်မှ ဒီဇင်ဘာ ၁၁ရက်အထိ ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းလေ့လာရှာဖွေသုတေသနပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်းကျေးရွာအနီးမှ ပရိုင်းမိတ်၏ အပေါ်ရှေ့သွားတစ်ချောင်းအမှတ်(၁)မှ ပရိုင်းမိတ် အောက်အံသွားနှစ်ချောင်းကိုလည်းကောင်း၊ ပုံတောင်ကျောက်လွှာစုများပေါ်ထွက်ရာမြိုင်မြို့နယ်ဗဟင်းကျေးရွာနှင့်မန်ကျီးကန်းကျေးရွာပတ်ဝန်းကျင်ရှိ ကျစ်ချောင်း(၁၁)မှနို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းစုစုပေါင်း ၁၃၂ခုတို့ကိုလည်းကောင်း၊မကွေးမြို့နယ်ဆူးပစ်စမ်းကျေးရွာ၊ တည်ပင်ကန်ကျေးရွာ၊ယင်းဆိပ်ကျေးရွာ၊ ပေါက်မြို့နယ်ချိုင်စောက်ကျေးရွာနှင့် မြို့ခင်းသာကျေးရွာပတ်ဝန်းကျင်တို့မှ နို့တိုက်သတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းစုစုပေါင်း ၂၆၉ခုတို့ကိုလည်းကောင်းရှာဖွေတွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ပေါ်ထွက်နေသောပုံတောင်ကျောက်လွှာစုနှင့်ဧရာဝတီကျောက်လွှာစုများ၌ကွင်းဆင်းသုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြင့် ပုံတောင်ကျောက်လွှာစုမှ အဆင့်မြင့်လူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေတွေ့ရှိခဲ့သော်လည်း ပြည့်စုံသောဦးခေါင်းခွံရုပ်ကြွင်း၊ အရိုးစုရုပ်ကြွင်းများကိုရှာဖွေတွေ့ရှိခြင်းမရှိသေး၍ သုတေသနပညာရှင်များအနေဖြင့် စဉ်ဆက်မပြတ်ကွင်းဆင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ထူးခြားသောတွေ့ရှိမှုအနေဖြင့် ဆိပ်ဖြူမြို့နယ် ထန်းပင်ချောင်းကျေးရွာနှင့် ငွေးပင်ကျေးရွာအနီးတို့မှ "ကိုလိုဗိုင်း"မျိုးစုဝင် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းမျိုးနွယ် ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိမှုသည် အရှေ့အာရှဒေသတွင် သက်တမ်းအရင့်ဆုံးရှာဖွေတွေ့ရှိမှုဖြစ်ပြီး အာရှတိုက်၊ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် တွေ့ရသည့် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းအုပ်စုဝင်များ ဖြစ်သည်။ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများမြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိမှုကို မြန်မာ-ဂျပန်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေသုတေသနပြုအဖွဲ့က ပထမဆုံးမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်၍ "ကိုလိုဗိုင်း" မျိုးစုဝင် ပရိုင်းမိတ်တို့၏ ရင်းမြစ်၊ ဇီဝပထဝီဝင်ဖြစ်ပေါ်နေထိုင်ရာပျံ့နှံ့တည်ရှိနေမှုတို့ကို ဆက်စပ် ဖော်ထုတ်လာနိုင်မည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## ရာသီဥတုအပြောင်းအလဲရဲ့ အကျိုးသက်ရောက်မှုကိုဖြေဖို့ သတင်းအရင်းအမြစ်ဌာနဖွင့်ထား

ရာသီဥတုပြောင်းလဲခြင်းကြောင့် မြန်မာနိုင်ငံမှာဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုတွေကို ကြိုတင်အသိပေးဖို့နဲ့ လိုအပ်သလို အကြံဉာဏ်ပေးဖို့အတွက် သတင်းအရင်းအမြစ်ဌာန (resource centre)ကို ဖွင့်ထားတယ်လို့ သိရပါတယ်။ စီးပွားရေးလုပ်သူတွေ၊ သုတေသနနဲ့ စာတမ်းပြုစုလိုသူတွေ၊ အစိုးရမဟုတ်တဲ့ ပြည်တွင်း၊ ပြည်ပက အဖွဲ့တွေ၊ အစိုးရဌာနဆိုင်ရာအဖွဲ့တွေနဲ့ ဂျာနယ်လစ်တွေအနေနဲ့ သိလိုတဲ့အကြောင်းအရာကို သတင်းအရင်းအမြစ်ဌာနက ပြန်ကြားပေးနေတယ်လို့ အီကိုဒက်(ECO DEV Group)မှဦးဝင်းမျိုးသူကပြောပါတယ်။ အထူးစိတ်ဝင်စားတဲ့ စီးပွားရေးသမားတွေရှိတာမို့ သူတို့အတွက်လည်း အကြံဉာဏ်တွေပေးနေပါတယ်။ သူတို့သိလိုတာအားလုံးကို မပြောပြနိုင်ခဲ့ရင်လဲ ပြောနိုင်တဲ့သူတွေဆီကို ဆက်သွယ်ပေးမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲလာခြင်းရဲ့ ဂယက်ကြောင့်တစ်ဖက်မှာ စီးပွားရေးလုပ်ငန်းတချို့အတွက် ဆုံးရှုံးမှုရှိသလို တစ်ဖက်မှာ လုပ်ငန်းသစ် ရလာနိုင်တာတွေရှိနေတာကြောင့်လို့ ဆိုပါတယ်။ ရာသီဥတုအပြောင်းအလဲမှာဖြစ်ပေါ်လာတဲ့ စီးပွားရေးဆိုင်ရာအခွင့်အလမ်းတွေ မြန်မာမှာအများကြီးရှိနေတယ်။ ဥပမာ-ကာဘွန်ဒိုင်အောက်ဆိုက်အထွက်များတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေက သစ်တောသစ်ပင်စိုက်မလား၊ ကာဘွန်သိုလှောင်ပေးတဲ့လုပ်ငန်းတွေ လုပ်လာရင် လုပ်ငန်းသစ်တွေရမှာ ဖြစ်တယ်လို့ဆိုပါတယ်။ပြည်တွင်းကအင်န်ဂျီအို(NGO)၊ နိုင်ငံတကာက အိုင်အင်န်ဂျီအို(INGO)တွေအတွက် ပြင်ပတွေမှာဆွေးနွေးမှုလိုက်လုပ်ပေးတယ်။အများပြည်သူအတွက်ဟောပြောပွဲတွေလုပ်ပေးနေပြီးအစိုးရဌာနဝန်ထမ်းတွေကို သက်ဆိုင်ရာအစည်းအဝေးမှာ ဆွေးနွေးပေးတယ်လို့ သတင်းအရင်းအမြစ်ဌာနမှ ဦးဝင်းမျိုးသူက ပြောပါတယ်။ နိုင်ငံတော်အဆင့် စီမံကိန်းတွေအရ သတင်းအရင်းအမြစ်ဌာနကို ၂၀၀၉ခု နိုဝင်ဘာလထဲမှာ စဖွင့်ဖြစ်တယ်။ သစ်တောရေးရာ ဝန်ကြီးရုံး(ရန်ကုန်)၊ သစ်တောပညာရှင်များရုံးခန်းနဲ့ တွဲဖက်ပြီး ကြို့ကုန်းသစ်တောဝင်း၊ ဘုရင့်နောင်လမ်းမ ဘေးမှာ ဖွင့်လှစ်ထားကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၉ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ရက်နေ့မှ ၁၀ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာမည်။

တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့်နေရာကွက်ကျား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျှမ်းမျှအပူချိန်အောက် လျော့နည်းကာ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျှမ်းမျှအပူချိန်တို့ထက်အနည်းငယ်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နှစ်ရက်ခန့်နံနက်ပိုင်းမြူများဆိုင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင်၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## တိရစ္ဆာန်များလိုက်ပါသည့်ဂြိုဟ်တု အီရန်လွှတ်တင်

ဖုဒ္ဓဟူးနေ့က အီရန်နိုင်ငံသည် ဂြိုဟ်တုတစ်ခုအား အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး ဂြိုဟ်တုအသစ်သုံးလုံးနှင့် ဂြိုဟ်တုသယ်ဆောင်နိုင်သည့် ဒုံးကျည်တစ်ခုအား ဖွင့်လှစ်ပြသခဲ့သ
အမည်ရှိ ဂြိုဟ်တုသယ်ဒုံးကျည်သည် experimental ဂြိုဟ်တုအား သယ်ဆောင်သွားပြီး ဓါတ်ပုံများ၊ အချက်အလက်များ၊ ပျံသန်းသွားလာနေမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဒေတာများအား ပြန်လည်ပေးပို့မည်ဖြစ်သည်။ ယင်းဂြိုဟ်တုတွင် ကြွက်တစ်ကောင်၊ လိပ်နှစ်ကောင်နှင့် ပိုးကောင်များ ထည့်သွင်းလိုက်သည်။ ထုတ်ဖော်ပြသခဲ့သော ဂြိုဟ်တုသုံးခုသည် အီရန်နိုင်ငံ၏ ကိုယ်ပိုင်ဒီဇိုင်းဆင်ထုတ်လုပ်လုပ်ထားသော ဂြိုဟ်တုများဖြစ်သည်။ ထို့ပြင် အီရန်နိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဖြစ် ဂြိုဟ်တုသယ်ဒုံးကျည်အင်ဂျင် Simorgh ကိုလည်း ထုတ်ဖော်ပြသခဲ့သ
အီရန်နိုင်ငံသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်များနှင့် တယ်လီဆက်သွယ်ရေးကဏ္ဍတို့တွင် အထောက်အကူဖြစ်စေရန်အတွက် ၂၀၁၀ ခုနှစ်အတွင်းတွင် ဂြိုဟ်တုပေါင်းများစွ
လွှတ်တင်ရန် အစီအစဉ်ရှိကြောင်း အီရန်အာဏာပိုင်များက ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## US နိုင်ငံခြားရေးဝန်ကြီးက အီရန်၏ အကျဉ်းသားဖလှယ်ရေးအစီအစဉ်အား ငြင်းဆို

အမေရိကန်နိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားသော အီရန်နိုင်ငံသားများနှင့် အီရန်တွင်ဖမ်းဆီးထားသော အမေရိကန်တောင်တက်သမားသုံးဦးတို့အား အပြန်အလှန် လဲလှယ်မည့် အဆိုကို အမေရိကန်နိုင်ငံမှ ငြင်းပယ်လိုက်သည်။ လူသားချင်းညှာတာမှုဆိုင်ရာအရဆိုလျှင် အမေရိကန်တောင်တက်သမားများအားချက်ချင်း လွှတ်ပေးသင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။ အမေရိကန်တောင်တက်သမားတို့အပေါ် သက်သေမရှိပဲ သူလျှိုဟု စွပ်စွဲကာဖမ်းဆီးထိန်းသိမ်းမှုသည်တရားမျှတမှုမရှိဟုၚင်းက ဆိုသည်။ ယင်းတောင်တက်သမားသုံးဦးသည် အီရတ်နိုင်ငံအတွင်း အီရန်နိုင်ငံနယ်စပ်တွင် လှည့်လည်သွားလာနေစဉ် အီရန်နိုင်ငံဘက်သို့ ကူးဝင်လာပြီး ထောက်လှမ်းမှုပြုသည်ဟူသော စွပ်စွဲချက်ဖြင့် ဇူလိုင်လက ဖမ်းဆီးခံရခြင်းဖြစ်သည်။ (ဘီဘီစီ)

## တရုတ်နိုင်ငံတွင် ပထမဦးဆုံးသော အစိမ်းရောင်ကုန်စည်ပြပွဲ ဖွင့်လှစ်မည်ဖြစ်

ကမ္ဘာပေါ်တွင် ဖန်လုံအိမ်ဓါတ်ငွေ့ အများဆုံးထုတ်လွှတ်သော တရုတ်နိုင်ငံသည် ပထမဦးဆုံးသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် အစိမ်းရောင်ကမ္ဘာ့ကုန်စည်ပြပွဲကို ရှန်ဟိုင်းမြို့တွင် ခြောက်လကြာကျင်းပရန် ပြင်ဆင်လျက်ရှိသည်။ ရှန်ဟိုင်းမြို့သည် ၎င်း၏ ပတ်ဝန်းကျင်ညစ်ညမ်းစေသော အတိတ်ဆိုးကို အတိတ်တွင်ထားခဲ့၍ ပတ်ဝန်းကျင်နှင့်ညီညွတ်သော မြို့ဖြစ်ရန် ကြိုးစားလျက်ရှိသည်။ ၎င်းကုန်စည်ပြပွဲကို မေလတစ်ရက်နေ့တွင် စည်ကားစွာဖွင့်လှစ်မည်ဖြစ်သည်။ ယခင်က သင်္ဘောကျင်းအဟောင်းတစ်ခုကို ပြပွဲ၏အဓိက ပတ်ဝန်းကျင်ညီညွတ်သည့် အိုအေစစ်ဖြစ်လာရန် စီစဉ်လျက်ရှိကြသည်။ ပြပွဲအတွင်း စွမ်းအင်ကို နေရောင်ခြည်မှ အများဆုံးရယူ၍ မိုးရေကိုလည်း ပြန်လည်သန့်စင် သုံးစွဲမည်ဖြစ်သည်။ ကမ္ဘာ့တဝှမ်းမှ ဧည့်သည်ပေါင်း သန်း ၁၀၀ ခန့် လာရောက်မည်ဟု မျှော်မှန်းထားရာ ၎င်းတို့အား သယ်ပို့ရန် နှစ်မျိုးစပ်အင်ဂျင်ကားများကို အသုံးပြုမည်ဖြစ်သည်။ ပြပွဲ၏ ကြွေးကြော်သံသည် 'Better city, Better life' ဖြစ်သည်။ အစိမ်းရောင်တွေးခေါ်မှု ၊ ပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်မှု၊ သဟဇာတဖြစ်မှု၊ ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံး ဖြစ်ရေးစသည့် ရည်မှန်းချက်များကို ပြသရုံသက်သက်သာ မဟုတ်ပဲ လာရောက်သည့်ဧည့်သည်များကိုယ်တိုင် ခံစားသွားရမည်ဖြစ်သည်ဟု မြို့တော်ဝန်က ပြောဆိုသည်။ (အေအက်ဖ်ပီ)

## အမေရိကန်၏ ဒုံးခွင်းဒုံး စမ်းသပ်မှုမအောင်မြင်

အမေရိကန်နိုင်ငံ၏ တစ်ဖက်ရန်သူမှ ပစ်ခတ်လာသော တာဝေးဒုံးကျည်များကို ကြားဖြတ်ဟန့်တား၍ ဖျက်ဆီးရန်အတွက်ကာကွယ်ရေးစနစ်ကိုယမန်နေ့ကစမ်းသပ်ပစ်လွှတ်ခဲ့ရာ ရေဒါစနစ် ချို့ယွင်းမှုကြောင့် မအောင်မမြင် ဖြစ်ခဲ့ရသည်။ ပစ်မှတ်ဒုံးကျည်ကို ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မာရှယ်ကျွန်းစု ကွာဂျလိမ်းအရပ်ဒေသမှ ပစ်ခတ်၍ ၎င်းကို ဖျက်ဆီးမည့် ဒုံးကျည်အား ကယ်လီဖိုးနီးယားရှိ လေတပ်စခန်းမှပစ်လွှတ်ခဲ့သည်။ ဒုံးကျည်နှစ်စင်းလုံး အောင်မြင်စွာပစ်လွှတ်နိုင်သော်လည်းပင်လယ်ပြင်ရှိ X-Band ရေဒါစနစ်မှာ မျှော်လင့်သည့်အတိုင်းဖြစ်မလာခဲ့ချေ။ ပစ်မှတ်ထားသောဒုံးကျည်သည် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့က ထုတ်လုပ်သော နည်းပညာအဆင့်ရှိ ဒုံးကျည်များဖြစ်ကြသည်။ ဤကဲ့သို့ မအောင်မြင်ရခြင်းအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သက်ဆိုင်ရာမှ ထုတ်ဖော်ပြောဆိုသည်။(ဘီဘီစီ)

## IAEA ၏ သတ်မှတ်ချက်များကို အီရန်နိုင်ငံလက်ခံလိုက်လျော

အီရန်နိုင်ငံအား ၎င်း၏ အဆင့်နိမ့်သန့်စင်ထားသော နျူကလီးယားလောင်စာများကို ရုရှားနှင့် ပြင်သစ်နိုင်ငံတို့သို့ ပို့၍ အဆင့်မြင့်သန့်စင်ပြီးလျှင်ဓာတ်ပေါင်းဖိုအတွက်လိုအပ်သော လောင်စာများကို အီရန်နိုင်ငံသို့ ပြန်လည်ပေးပို့ရန် IAEA နှင့် အပေါင်းအပါခြောက်နိုင်ငံက သတ်မှတ်ပေးခဲ့သည်။ အီရန်နိုင်ငံသည် အဆိုပါတောင်းဆိုချက်ကို လပေါင်းများစွာငြင်းဆန်နေပြီးနောက် ယမန်နေ့က ၎င်း၏ အဆင့်နိမ့်သန့်စင်ပြီးသော ယူရေနီယံများအား ရုရှားနှင့်ပြင်သစ်သို့ တင်ပို့ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့သည်။ ယင်းကြေငြာချက် အရ အီရန်နိုင်ငံအနေဖြင့် ၎င်း၏ရပ်တည်ချက်ကို သိသိသာသာ ပြောင်းရွှေ့ခဲ့သည်ဟု သတင်းထောက်များက ပြောဆိုကြသည်။ နိုင်ငံခြားသို့ ပေးပို့ထားသော ယူရေနီယံများ ပြန်မရပါက မိမိနိုင်ငံတွင်းတွင် အဆင့်မြင့်သန့်စင်မှုကို ပြုလုပ်သွားမည်ဟု အီရန်သမ္မတက ထုတ်ဖော်ပြောဆိုသည်။(ဘီဘီစီ)

## အမေရိကန်နှင့် ရုရှား နျူလက်နက်လျှော့ပေါ့ရေးသဘောတူညီမှုရ

ယခင် ၁၉၉၁ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ၎င်းတို့၏ နျူကလီးယားလက်နက်ဖြန့်ကျက်မှုကို တစ်ဘက်စီတွင် ၂၂၀၀အထိ ထားရှိရန်သဘောတူဆုံးဖြတ်ခဲ့ကြသည်။ ၎င်းသဘောတူညီချက်သည် ဒီဇင်ဘာလတွင် ကုန်ဆုံးခဲ့၍ ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ ကာလအတန်ကြာ ပြုလုပ်ပြီးနောက် ၎င်းတို့၏ နျူကလီးယားလက်နက်အရေအတွက်ကို သိသိသာသာလျှော့ချရန် မူအားဖြင့် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံ၏ နျူကလီးယားလက်နက် ဖြန့်ကျက်ထားရှိမှုကို အများဆုံး ၁၅၀၀မှ ၁၆၇၅အထိသာထားရှိရန်သဘောတူညီခဲ့ကြသည်။ ၎င်းလက်နက်များ စစ်ဆေးရေးနှင့် ဒုံးကျည်များ စမ်းသပ်ရာတွင် သတင်းအချက်အလက် ဖလှယ်ရေးနှင့် ဒုံးကျည်ထုတ်လုပ်သည့် စက်ရုံများကို တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် စစ်ဆေးရေးကိစ္စများတွင်မူ လိပ်ခဲတင်းလင်းဖြစ်လျက်ရှိသည်။ မေလတွင်ကျင်းပမည့် နျူကလီးယား မပြန့်ပွားရေးစာချုပ် (NPT) ဆွေးနွေးပွဲမတိုင်မီ ၎င်းကိစ္စရပ်များ ပြီးစီးအောင် ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ရသည်။(အေအက်ပီ)

# အမေရိကန် ၂၀၁၁ ခုနှစ် ဘတ်ဂျက်အစီအစဉ်

အမေရိကန်နိုင်ငံ၏ ၂၀၁၁ ခုနှစ်အတွက် ဒေါ်လာ ၃.၈ ထရီလီယံတန်ဖိုးရှိသော ဘတ်ဂျက်အစီအစဉ်ကိုယမန်နေ့ကထုတ်ဖော်ကြေငြာသည်။၎င်းအစီအစဉ်အရကဏ္ဍအများအပြားကို အသုံးစရိတ်ဖြတ်တောက်မှုများ ဖြစ်ပေါ်သော်လည်း အလုပ်အကိုင် တိုးမြှင့်ဖန်တီးရေးတွင် ပိုမိုသုံးစွဲထားသည်ကို တွေ့ရသည်။ယခုနှစ်အတွက်အမေရိကန်နိုင်ငံ၏ဘတ်ဂျက်လိုငွေသည် စံချိန်တင်၍ ဒေါ်လာ ၁.၅၆ ထရီလီယံအထိ ရောက်ရှိနေမည်ဖြစ်သည်။ သမ္မတ အိုဘားမားသည် နာဆာအဖွဲ့၏ လကမ္ဘာသို့ လူသွားရောက်ရေးစီမံကိန်းကို ရပ်ဆိုင်းလိုက်ခြင်းဖြင့် ဒေါ်လာ ၂၅၀ ဘီလီယံ သက်သာအောင် ဆောင်ရွက်ခဲ့လေသည်။ ၎င်းအပြင် လာမည့်သုံးနှစ်အတွင်း အခြားသော ကဏ္ဍအများအပြား၏ အသုံးစရိတ်များကိုလည်း လျှော့ချခဲ့လေသည်။ သာမန်အချိန်ဖြစ်လျှင် ဘတ်ဂျက်လိုငွေကို ထိရောက်စွာလျှော့ချရန် ကြိုးစားမည်ဖြစ်သော်လည်း လက်ရှိစီးပွားရေးနလန်ထူစအချိန်တွင် အကုန်အကျများသောဆောင်ရွက်မှုများ မဖြစ်မနေပြုလုပ်ရဦးမည်ဖြစ်သည်။ ဘတ်ဂျက်အစီအစဉ်တွင် အလုပ်လက်မဲ့ လျှော့ချရေးအတွက် လုပ်ငန်းရှင်များအား အခွန်မက်လုံးများ ပေးမည်ဖြစ်သည်။
လျော့နည်းသွားသော အခွန်အတွက် ၁ နှစ်လျှင် ဒေါ်လာ ၂သိန်းခွဲအထက်ပိုသော ဝင်ငွေရှိသည့် လူချမ်းသာများထံမှ အခွန်ပိုမိုကောက်ခံမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

# ကလေးငယ်များအား နိုင်ငံပြင်ပသို့ခိုးထုတ်ရန် ကြံစည်သူအမေရိကန်များအား ဖမ်းဆီးထိန်းသိမ်း

ငလျင်ဒဏ်ခံရသော ဟေတီနိုင်ငံအတွင်းသို့ နိုင်ငံတကာမှအကူအညီပေးရေးအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ ဘာသာရေးဆိုင်ရာအဖွဲ့များဝင်ရောက်ခဲ့ကြသည်။အမေရိကန်နိုင်ငံ အိုက်တာအိုပြည်နယ်အခြေစိုက် ဒုက္ခသည်ကလေးငယ်များ ကယ်ဆယ်ရေးအဖွဲ့သည် ယမန်နေ့ကမိဘမဲ့ကလေးငယ(၃၃)ယောက်အားဘက်စ်ကားဖြင့်တင်ဆောင်၍သက်ဆိုင်ရာ၏ ခွင့်ပြုချက်ရယူခြင်းမပြုဘဲ နယ်စပ်ဖြတ်ကျော်၍ ဒိုမီနီကန်နိုင်ငံအတွင်းသို့ဝင်ရောက်ရန် ကြိုးစားခဲ့ကြသည်။ ၎င်းတို့အား ဟေတီရဲတပ်ဖွဲ့မှ အချိန်မီဖမ်းဆီးထိမ်းသိမ်းခဲ့သည်။ ကယ်ဆယ်ရေး အဖွဲ့ခေါင်းဆောင်က မိဘမဲ့ကလေးငယ်များအား ကူညီရန်သာဖြစ်ကြောင်း အခြားရည်ရွယ်ချက်များ မရှိကြောင်း ထုတ်ဖေါ်ပြောဆိုသည်။ ကယ်ဆယ်ရေးအဖွဲ့မှ အမေရိကန်နိုင်ငံသား (၁၀)ဦးကို စစ်ဆေးမေးမြန်းရန်အတွက် ထိန်းသိမ်းထားသည်။ (အေအက်စ်ပီ)

# ဂျက်တိုက်လေယာဉ် F 35 စီမံကိန်း မအောင်မြင်

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် မျိုးဆက်သစ် ဂျက်တိုက်လေယာဉ် F 35 ထုတ်လုပ်ရေးကို တာဝန်ယူကြီးကြပ်ပေးရသော ရေတပ်ဗိုလ်ချုပ်ကြီးအားတာဝန်မကျေပွန်မှုဖြင့် ရာထူးမှ ထုတ်ပယ်လိုက်သည်။ သက်တမ်းကြာမြင့်ပြီဖြစ်သော ဂျက်တိုက်လေယာဉ်များနေရာတွင် အဆိုပါ F 35 တို့ဖြင့် အစားထိုးရန် ရည်ရွယ်ထားသည်။ ယခုအချိန်အထိ စီမံကိန်းအတွက် သတ်မှတ်ထားသော ရည်မှန်းချက်များနှင့် စံချိန်စံညွှန်းများကို ပြည့်မီအောင်မဆောင်ရွက်နိုင်သဖြင့် ယခုကဲ့သို့ အရေးယူရခြင်း ဖြစ်သည်ဟု ပြောဆိုသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရသော လော့ဟိမာတင် ကုမ္ပဏီအား ချီးမြှင့်ရန်ရှိသည့် ဒေါ်လာ ၆၁၄ သန်း ကိုလည်း ရပ်ဆိုင်းမည်ဟု သိရှိရသည်။ (ဘီဘီစီ)

# သတင်းအတို

## ဆန်ပြည်ပတင်ပို့ခွင့်ရမည့်သူကို အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ရန်စဉ်းစားနေ

ပြည်ပသို့ ဆန်ဦးစာပေးတင်ပို့ခွင့်ရမည့်သူများကို အမှတ်ပေးစနစ်ဖြင့် တွက်ချက်ရွေးချယ်သည့် စနစ်ကိုကျင့်သုံးရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများက စဉ်းစားနေကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတချို့က ပြောကြားသည်။ ထိုအမှတ်ပေးစနစ်မှာ ပြည်ပသို့ ဆန်တင်ပို့သည့်ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများသို့ ချေးငွေနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ထောက်ပံ့သည်မှစကာ ဆန်စပါးထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ခဲ့သည့် ကုမ္ပဏီများကို အမှတ်ပိုပေးကာ ထိုကုမ္ပဏီများကို ဦးစာပေး၍ ပြည်ပတင်ပို့ခွင့်ပြုရန်ဖြစ်သည်။ သို့သော် အဆိုပါစနစ်ကို ကျင့်သုံးမည်၊ မကျင့်သုံးမည်ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူများက စဉ်းစားနေဆဲပင်ရှိသေးကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အင်တာနက်သုံးစွဲမှုများနေးကွေးပြတ်တောက်နိုင်ကြောင်းရတနာပုံတယ်လီပို့မှ ထုတ်ပြန်

ရတနာပုံတယ်လီပို့မှဝန်ဆောင်မှုပေးလျက်ရှိသော အင်တာနက်ဝန်ဆောင်မှုများမှာ ဖေဖော်ဝါရီလ ၁ရက်နေ့နံနက်ပိုင်းမှစ၍ Backbone Device အချို့ချို့ယွင်းမှုကြောင့် ဆက်သွယ်မှုပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်းရတနာပုံတယ်လီပို့မှ ထုတ်ပြန်ထားချက်များအရ သိရှိရသည်။ အဆိုပါချို့ယွင်းမှုများပုံမှန်ပြန်လည်ကောင်းမွန်ရေးအတွက် ရတနာပုံတယ်လီပို့မှ ပြုပြင်လျက်ရှိကြောင်း၊ယင်းတို့ပြင်ဆင်ချိန်အတွင်း အင်တာနက်သုံးစွဲမှုများမှာ နှေးကွေးနိုင်ပြီးရံဖန်ရံခါပြတ်တောက်မှုများ ရှိနိုင်ကြောင်းကိုလည်း အသိ ပေးကြေညာထားသည်ဟုသုံးစွဲသူများကဆိုသည်။ နောက်ဆက်တွဲအခြေအနေများနှင့် ပတ်သက်၍လည်း ယခုကဲ့သို့ပင်ဆက်လက်အကြောင်းကြားသွားမည်ဟု အင်တာနက်သုံးစွဲသူများ သိရှိရန် ထုတ်ပြန်ထားမှုများအရသိရှိရကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ၅ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသတ္တုဗေဒပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော သတ္တုဗေဒပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ရက်(စနေနေ့)နံနက် ၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံConference Room ၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ဟောပြောပွဲတွင် "Making, Shaping and Treating of Steel "( The Path Way From Raw Materials to Finished Steel Products) ခေါင်းစဉ်ဖြင့် ဦးသန်းဦး B.E(Mech- 1974) ကဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဖုန်း -၅၁၉၆၇၃၆သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၅ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## မလေးရှားအပြည်ပြည်ဆိုင်ရာ ရွှေနှင့်ကျောက်မျက်ပြပွဲ မြန်မာကိုဖိတ်ကြား

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Convention Center တွင် ဧပြီလအတွင်း ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ရွှေနှင့်ကျောက်မျက်ရတနာပြပွဲသို့ မြန်မာနိုင်ငံမှ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ မလေးရှားတွင် အကြီးဆုံးပြပွဲဖြစ်ပြီး နိုင်ငံတကာမှ တော်ဝင်မိသားစုများ၊ ဂုဏ်သရေရှိများနှင့် လူချမ်းသာများ စိတ်ဝင်တစားရှိသည့် ပြပွဲဖြစ်ကြောင်း သိရသည်။ " ဒီပြပွဲကို နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားတဲ့အတွက် ပြည်တွင်းက ကျောက်မျက်လုပ်ငန်းရှင်တွေအတွက် အကျိုးရှိမှာပါ" ဟု နိုင်ငံတကာ ကျောက်မျက်ပြပွဲသို့ သွားရောက်လေ့ရှိသူတစ်ဦးကပြောသည်။ UMFCCIအနေဖြင့် ပြည်တွင်းမှ ကျောက်မျက်ကုမ္ပဏီများ၊ အရောင်းဆိုင်များ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရန် လေ့လာနိုင်ရန် ရည်ရွယ်၍ ပြပွဲများသို့ သွားရောက်ပြသနိုင်ရေး ကူညီစီစဉ်ပေးလျက်ရှိကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၄ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## Child Educare Exhibition 2010 ကျင်းပပြုလုပ်မည်

MOASIA Co.,Ltd.(Dumex)၏ အဓိကကူညီပံ့ပိုးမှုဖြင့် Conquest Organizing Group မှ ကြီးမှူးကျင်းပသော Child Educare Exhibition 2010ကို ဖေဖေါ်ဝါရီလ ၂၆ရက်နေ့မှ ၂၈ရက်နေ့အထိ တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြပွဲကို ကျင်းပပြုလုပ်ရခြင်း၏အဓိကရည်ရွယ်ချက်မှာ ကလေးများအတွက် ပညာရေးဗဟုသုတတိုးတက်စေရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာတိုးပွားစေရေးတို့ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ကလေးများနှင့်သက်ဆိုင်သောကျောင်း၊ စားသောက်ကုန်၊ ဆေး၊ ကုန်ပစ္စည်းအစရှိသော ပြခန်းပေါင်း ၁၂၀ကျော်ကို ပါဝင်ပြသနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။ ထို့အပြင် ပွဲလာရောက်ကြည့်ရှုသူကြသူများ ဗဟုသုတရစေနိုင်မည့် Entertainment အစီအစဉ်များကိုလည်း ထည့်သွင်းထားသည်။ ၎င်း Entertainment အစီအစဉ်တွင် သန့်လေးသန့်ပြဇာတ်၊ Jolly Smile အဖွဲ့၏ Game ကလေးအထူးကုဆရာဝန်ကြီးများ၏ ပညာပေးဟောပြောခြင်းနှင့် Star Model Agency ၏ဖျော်ဖြေတင်ဆက်မှုတို့ဖြစ်သည်။ ၎င်းပြပွဲ၌ ပါဝင်ပြသလိုသူများကိုလည်း ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကလေးများအတွက် သီးသန့်ရည်ရွယ်၍ ကျင်းပပြုလုပ်သော Child Education သည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၄ရက်နေ့ထုတ် Internet ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အစိုးရပိုင်ဆိပ်ကမ်းများ ပုဂ္ဂလိက လွှဲပြောင်းလုပ်ကိုင်ခွင့်ရမည်ဟု သတင်းထွက်ပေါ်

အစိုးရပိုင်ဆိပ်ကမ်းများ ပုဂ္ဂလိက လွှဲပြောင်းလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က "ကျွန်တော်တို့ သတင်းထုတ်ပြန်ချက်ကို မရသေးပါဘူး။ အခုနေပြည်တော်ကို သွားနေပါတယ်၊ အဲဒီကပြန်လာရင်တော့ ဒီသတင်းဟုတ်မှန်တယ်ဆိုရင်ပြောပါမယ်" ဟု ၁-၂-၂၀၁၀ရက်နေ့တွင် ပြောကြားသည်။ ရန်ကုန်၊ အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့ကို လွန်ခဲ့သော ၁၀နှစ်ခန့်က ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ယင်းအတွက် ပို့ကုန်လုပ်ငန်းများ ပိုမိုမြန်ဆန်ခဲ့ကြောင်း မဟာဗန္ဓုလလမ်းပေါ်မှ ပို့ကုန်သင်္ဘောကုမ္ပဏီ၏ လုပ်ငန်းရှင်တစ်ဦးကပြောသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံပိုင်မှ ပုဂ္ဂလိကကဏ္ဍသို့ ပြောင်းလဲလျက်ရှိရာ ကနဦးအဖြစ် ကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ခဲ့ပြီး နောက်စွမ်းအင်ဆိုင်ရာကဏ္ဍတို့ကိုပါ ဆောင်ရွက်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၄ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဦးခင်မောင်ညို (ဘောဂဗေဒ)နှင့် ပါမောက္ခများမှ လူ့စွမ်းအားမြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

လူ့စွမ်းအားမြှင့်တင်ခြင်း- မိမိနှင့်မိမိဝန်ထမ်းများ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်စေခြင်းဟူသောခေါင်းစဉ်ဖြင့် (၁၃.၂.၂၀၁၀) နှင့် (၁၄.၂.၂၀၁၀) နေ့ရက်များတွင် (၂)ရက်တာဆွေးနွေးပွဲကို ယုဇနတာဝါ(ကမ္ဘာ့အေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်) (၁၀)ထပ်အမှတ် (၁၀၀၉)ရှိ Wise International School for Executives တွင်၊ ဦးခင်မောင်ညို (ဘောဂဗေဒ)နှင့် ပါမောက္ခများက ဦးစီးကျင်းပမည်ဖြစ်ပြီး၊ လုပ်ငန်းရှင်များ အမှုဆောင်အရာရှိများ၊ အကြီးတန်းဝန်ထမ်းများ တက်ရောက်ရန်၊ အထူးသင့်တော်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများသည် တယ်လီဖုန်းအမှတ် - ၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည်။

## ကုန်သည်/စက်မှုအသင်းချုပ်တွင် ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ(ဖေဖော်ဝါရီလ -၂၀၁၀) ကို “Myanmar Combiz Group of Company”၏ပံ့ပိုးကူညီမှုဖြင့် ဖေဖော်ဝါရီ၆ရက်( စနေနေ့) မွန်းလွဲ၂နာရီတွင်ရန်ကုန်မြို့လမ်းမတော်မြို့နယ် အမှတ်(၂၉)မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲတွင် တွဲဖက်ပါမောက္ခဒေါက်တာကျော်ရင်လှိုင်က “နိုင်ငံများဒီမိုကရေစီစနစ်ကျင့်သုံးလာပုံ” “(How Countries Democratize)” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့်ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့်စိတ်ပါဝင်စားသူများမည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ဦးခင်မောင်ညို (ဘောဂဗေဒ)မှ လောကစံတောင်ထိပ်များနှင့်ချိုင့်ဝှမ်းများ (Peaks and Valleys)ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Wise International School for Executives ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဖေဖေါ်ဝါရီ ၆ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ခင်မောင်ညို (ဘောဂဗေဒ)က လောကစံတောင်ထိပ်များနှင့်ချိုင့်ဝှမ်းများ (Peaks and Valleys)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၃ရက်နေ့ထုတ် ကြေးမုံတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ၏ အသေးစားငွေချေးလုပ်ငန်းအတွက် ဆောင်ရွက်ဆဲစီမံချက်များ၏ ပမာဏမှာ လိုအပ်ချက်၏ ၁၀ရာခိုင်နှုန်းမျှသာရှိ

မြန်မာနိုင်ငံ၏ အသေးစားငွေချေးလုပ်ငန်းအတွက် ဆောင်ရွက်ဆဲစီမံချက်များ၏ ပမာဏမှာ လိုအပ်ချက်၏ ၁၀ရာခိုင်နှုန်း မျှသာရှိကြောင်းနှင့် စီမံချက်များအတွက် အမှန်တကယ်လိုအပ်ငွေမှာမူ အမေရိကန်ဒေါ်လာသန်း ၃၄၀ မှ ၄၇၀အကြားဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။ မြန်မာနိုင်ငံတွင် အသေးစားချေးငွေစီမံချက်များကို အပြည်ပြည်ဆိုင်ရာ လူမှုကူညီရေးအဖွဲ့အစည်း ခုနစ်ခု၊ ပြည်တွင်းလူမှုကူညီရေးအဖွဲ့အစည်းအချို့တို့က ဆောင်ရွက်လျက်ရှိသော်လည်း ၎င်းတို့ဆောင်ရွက်ဆဲစီမံချက်များ၏ ငွေပမာဏမှာ အမှန်တကယ်လိုအပ်ချက်၏ ၁၀ရာခိုင်နှုန်းမျှသာရှိကြောင်း သိရသည်။ ယင်းအတွက်ကြောင့် ကျေးလက်ဒေသနေ ပြည်သူများသည် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ငွေချေးငှားသူများထံမှ အတိုးနှုန်းကြီးမားစွာဖြင့် ငွေချေးယူရကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၃ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စာရေးနည်းလမ်းညွှန်သင်တန်း(၁/၂၀၁၀)ဖွင့်ပွဲကျင်းပ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာရေးနည်းလမ်းညွှန်သင်တန်း(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဦးတင်ခ (တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာအလွှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က သင်တန်းဖွင့် လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေး ပတ်ကြာမြင့်မည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖေါ်ဝါရီလ ၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ကျုံးထဲမှာ ရေချိုး၊ ငါးမျှားအဝတ်လျှော်ရင်အရေးယူပြီ

မန္တလေးနန်းမြို့ရိုးပတ်လည်ကကျုံးထဲမှာ ရေဆင်းချိုးတာ၊ ငါးမျှားတာ၊ အဝတ်လျှော်တာမျိုးတွေပြုလုပ်တာတွေ့ပါက စည်ပင်အက်ဥပဒေ ၂၆အရ အရေးယူဆောင်ရွက်နေပြီလို့ မန္တလေးစည်ပင်ရဲတပ်ဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ ‘ကျုံးရေကမန္တလေးမြို့တစ်မြို့လုံး သုံးစွဲနေတဲ့ရေဖြစ်လို့ ရေဆင်းချိုးတာ၊ ငါးမျှားတာ၊ အဝတ်လျှော်တာမျိုးတွေလုပ်ရင် ညစ်ပတ်မှာဖြစ်တဲ့အတွက် မသင့်တော်ဘူး၊ အခုလိုအရေးယူတဲ့အခါငါးမျှားကြတာကိုအများဆုံးတွေ့ရတယ်၊ ဒုတိယကရေဆင်းချိုးတာတွေ့တယ်၊ အဝတ်လျှော်တာမျိုးတော့မတွေ့သေးဘူး၊ ဒါကြောင့်စည်ပင်ရဲတပ်ဖွဲ့က နေ့တိုင်းနံနက် ၈း၀၀နာရီကနေ ညနေ၆း၀၀နာရီအထိ အရပ်ဝတ်ဝတ်ပြီး ဆိုင်ကယ်နဲ့ ကျုံးပတ်လည်ကိုလှည့်ပြီးစစ်ဆေးနေတယ်၊ ဒါမျိုးတွေလုပ်တာတွေ့ခဲ့ရင် စည်ပင်အက်ဥပဒေ ၂၆အရ ဒဏ်ငွေကျပ်တစ်သောင်းနဲ့ ထောင်ဒဏ်သုံးလအထိ အရေးယူအပြစ်ပေးနိုင်တယ်’လို့စည်ပင်ရဲတပ်ဖွဲ့မှ ရဲမှူးသိန်းလွင်ကဆိုကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၉ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
## အနှိုင်းမဲ့ရဟန်း

မြတ်စွာဘုရား ခါးညောင်းဖြေနေချိန်၊ ခါးနာသက်သာအောင် လဲလျောင်းနေချိန်မှာ အရှင်သာရိပုတ္တရာက မြတ်စွာဘုရား ဟောလက်စတရားကို မြတ်စွာဘုရားဟောပြောလိုတဲ့ အဓိပ္ပါယ်အတိုင်း၊ မြတ်စွာဘုရားသုံးနှုန်းလိုတဲ့ စကားလုံးအတိုင်း တစ်သဝေမတိမ်း ရှေ့ဆက်ဟောကြားတော်မူပါတယ်။

မိမိဟောလိုတဲ့အတိုင်း ဟောနေတဲ့ အရှင်သာရိပုတ္တရာရဲ့ တရားတော်ကို မြတ်စွာဘုရားရှင်က ကန့်လန့်ကာနောက်ကွယ်ကနေ ခါးညောင်းဖြေနေရင်း နှစ်နှစ်ခြိုက်ခြိုက် လေးလေးစားစား နာကြားတော်မူပါတယ်။ ခါးညောင်းပြေပြီ၊ ခါးနာသက်သာပြီဆိုတာနဲ့ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာ ဟောလက်စ တရားကို ရောက်ရာနေရာကနေ ရှေ့ဆက် ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား ဟောနေဆဲတရားကို မြတ်စွာဘုရား အလိုကျ ချွတ်စွပ်ဆက်ဟောနိုင်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ရဲ့ ဉာဏ်ပညာတော်ကတော့ အံ့မခန်းကြီးကျယ်လှပါတယ်။

မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက် တာဝတိံသာနတ်ပြည်မှာ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူတုန်းက နေ့စဉ်နေ့တိုင်း ဆွမ်းခံချိန်ရောက်ပြီဆိုရင် နိမ္မိတဗုဒ္ဓရုပ်ပွားတော်ကို တရားဆက်ဟောခိုင်းထားခဲ့ပြီး မိမိကိုယ်တိုင်ကတော့ လူ့ပြည်ဆင်း၊ အနောတတ်အိုင်မှာရေချိုး၊ မြောက်ကျွန်းကိုဆွမ်းခံကြွ၊ အနောတတ်အိုင်ကမ်းနံဘေးမှာ ဆွမ်းဘုဉ်းပေးပြီး နေ့သန့်စင်ဖို့ (နေ့ပိုင်းသီတင်းသုံးဖို့) အတွက် စန္ဒကူးတောကို ကြွတော်မူပါတယ်။

စန္ဒကူးတောမှာ နေ့သန့်စင်နေတဲ့ မြတ်စွာဘုရားရှင်ကို အရှင်သာရိပုတ္တရာက ဝေယျာဝစ္စ လာရောက်ပြုလုပ်ပေးပါတယ်။ အရှင်သာရိပုတ္တရာ ဝေယျာဝစ္စပြုလုပ်ပြီးတာနဲ့ မြတ်စွာဘုရားရှင်က အဲဒီနေ့တစ်နေ့တာ နတ်ပြည်မှာ ဟောခဲ့တဲ့ အဘိဓမ္မာတရားအကျယ်ကို အကျဉ်းဆုံးချုပ်ပြီး အရှင်သာရိပုတ္တရာကို နမူနာနည်းပေး ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား အကျဉ်းချုပ်နည်းပေးတဲ့ အဘိဓမ္မာတရားကို အရှင်သာရိပုတ္တရာက ကမ်းနားမှာရပ်ပြီး မဟာသမုဒ္ဒရာကို လက်ဆန့်ညွှန်ပြခံရသလို နည်းအကျယ်ရပြီး နည်းရာထောင်ပေါင်းများစွာ၊ နည်းသောင်းသိန်းပေါင်းများစွာနဲ့ အကျယ်တဝင့် ချဲ့ထွင်သိမြင်တော်မူသွားပါတယ်။

မိမိအကျယ်ချဲ့သိတဲ့ အဘိဓမ္မာတရားကို လင်းနို့သားငါးရာဘဝတုန်းက အဘိဓမ္မာတရား နာကြားခဲ့ဖူးတဲ့ အတူနေ တပည့်ရဟန်းငါးရာကို မကျဉ်းမကျယ် အလယ်အလတ်နည်းနဲ့ နေ့စဉ်ပြန်ဟောပြပါတယ်။ "အဘိဓမ္မာပိဋကတ်" ဆိုပြီး ဒီကနေ့ လေ့လာနေကြတဲ့ အဘိဓမ္မာတရားဟာ မြတ်စွာဘုရား အလိုကျ အရှင်သာရိပုတ္တရာ အရှင်သာရိပုတ္တရာပြန်ဟောပြထားတဲ့ တရားတွေပါပဲ။

မြတ်စွာဘုရား အကျဉ်းချုပ် ဟောပြတဲ့တရားကို မြတ်စွာဘုရားအကျယ်ဟောခဲ့တဲ့အတိုင်း ထပ်တူထပ်မျှ ထိုးထွင်းချဲ့ထွင်သိမြင်နိုင်တဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ဉာဏ်ပညာတော်ကြီးကတော့ လူသားတွေ မဆိုထားနဲ့၊ နတ်တွေဗြဟ္မာတွေတောင် ဘယ်လိုနည်းနဲ့မှ လိုက်မမီလောက် အောင် ကြီးကျယ်ခမ်းနားလွန်းလှပါတယ်။

ဒါတွေကြောင့်လည်း အနာထပိဏ်နတ်သားက "ပညာဂုဏ်အားဖြင့်လည်း အရှင်သာရိပုတ္တရာသာ အသာဆုံး၊ အမြတ်ဆုံးရဟန်း၊ အနှိုင်းမဲ့ရဟန်း"လို့ မြတ်စွာဘုရားရှင်ကို လျှောက်ထားခဲ့တာပါ။ မြတ်စွာဘုရားရှင်ကလည်း ဟုတ်မှန်ကြောင်း အတည်ပြုခဲ့တာပါ။

တစ်ခါတော့ အရှင်သာရိပုတ္တရာ ဒေသစာရီလှည့်လည်ရင်း စတုဒိသာရုံတစ်ခုမှာ မကျန်းမမာဖြစ်နေပါတယ်။ အဲဒီစတုဒိသာရုံက ကပ်လှူတဲ့ဆွမ်းကို တစ်ရက်သာ ဘုဉ်းပေးပြီး နောက်နေ့တွေမှာတော့ ဆွမ်းလုံးဝ ဘုဉ်းမပေးတော့ဘဲ ဆွမ်းအငတ်ခံတော်မူပါတယ်။

နေ့ရက်များစွာ စတုဒိသာကျွေးတဲ့ အလှူမဏ္ဍပ်ကြီးတွေမှာ ရဟန်းတော်တွေအနေနဲ့ တစ်ရက်သာ အလှူခံခွင့်၊ တစ်ရက်သာ ဆွမ်းစားခွင့်ရှိတဲ့အတွက် ဝိနည်းဥပဒေတော်ကို လေးစားလိုက်နာတဲ့အနေနဲ့ အခုလို အရှင်သာရိပုတ္တရာ ဆွမ်းအာဟာရဖြတ်တောက်ထားလိုက်တာပါ။ မြတ်စွာဘုရားသိသွားတဲ့ အခါမှာတော့ မကျန်းမာရင် နေ့စဉ်အလှူခံ ဘုဉ်းပေးနိုင်ကြောင်း ထပ်လောင်းဖြည့်စွက်ခွင့်ပြုချက် ထုတ်ပြန်တော်မူလိုက်ပါတယ်။

တောအုပ်တစ်ခုမှာ အရှင်မဟာမောဂ္ဂလ္လာန်နဲ့အတူ သီတင်းသုံးတော်မူခဲ့စဉ်တုန်းက အရှင်သာရိပုတ္တရာမှာ လေနာရောဂါဖြစ်ပြီး အပြင်းအထန် ဒုက္ခဝေဒနာခံစားခဲ့ရဖူးပါတယ်။ လူ့ဘဝတုန်းက လေနာရောဂါဖြစ်ရင် ထောပတ်၊ ပျားရည်၊ သကြားစသည်နဲ့ ရောစပ်ချက်ထားတဲ့ နို့ဃနာထမင်းစားပြီး ရောဂါ ပျောက်ကင်းခဲ့ဖူးကြောင်း အရှင်သာရိပုတ္တရာ ပြောပြတဲ့အတွက် နောက်ရက်မှာ နို့ဃနာထမင်းရကိုရရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အရှင်မဟာမောဂ္ဂလ္လာန် ဆွမ်းခံ ထွက်တော်မူပါတယ်။

အရှင်မြတ်နှစ်ပါး စကားပြောသံကို ကြားရတဲ့ ရုက္ခစိုးနတ်က ဆွမ်းခံအိမ်တစ်အိမ်က သားတစ်ယောက်ကို ဝင်ပူးပြီး ကြိုပြောထားတဲ့အတွက် အဲဒီနေ့မှာ အဲဒီအိမ်ကနေ နို့ဃနာဆွမ်း အလှူခံရရှိတော်မူပါတယ်။

ဒါပေမဲ့ အဲဒီနို့ဃနာဆွမ်းကို အရှင်သာရိပုတ္တရာလုံးဝ ဘုဉ်းပေးတော်မပူပါဘူး။ တစ်စုံတစ်ယောက်က ကြားခံဒလံလုပ်ပြီး နှုတ်မြွက်တိုက်တွန်းလို့ ရလာတဲ့ ဆွမ်းမို့ဝိနည်းနဲ့ မညီဘူးဆိုပြီး အာလယပြတ် ပယ်မြစ်တော်မူခဲ့ပါတယ်။

ဆက်ရန်

# ဟာသ

## အရေးကြီးတယ်

လုပ်ငန်းတစ်ခုအောင်မြင်ဖို့အတွက် ကိုယ့်ရဲ့ဇနီးမယားကလည်း အရေးကြီးပါတယ်။

"စီးပွားရေးအမျှော်အမြင်ရှိပြီး ငွေရေးကြေးရေး ကိုင်တွယ်တတ်၊ စာရင်းအင်းနိုင်၊ စီမံခန့်ခွဲမှုကျွမ်းကျင်တာမျိုးကို ဆိုလိုတာလား"

"အဲဒီအရည်အချင်းတွေ လုပ်ငန်းအတွက် လိုအပ်သမျှ ငှားလိုက်ပါ၊ ကိုယ့်မိန်းမကတော့ ဘာမှမတတ်လို့ ဘေးကထိုင်နေတာမျိုးပဲဖြစ်ရပါမယ်၊ ဒါအရေးကြီးတဲ့ အချက်ပါ"

## အောင်မြင်ဖို့

လုပ်ငန်းအောင်မြင်ဖို့အတွက် ကိုယ့်ရဲ့ဖောက်သည်တွေဆီက အကြွေးကိုမတောင်းသင့်ဘူး၊ အတင်းအကျပ်အကြွေးတောင်းတဲ့အတွက် ပြန်ရတောင် ဖောက်သည်ပျက်မယ်"

"ဒါဖြင့်အဆုံးခံရမှာလား"

"ဟာ အဲသလိုဆို အရင်းပြုတ်မှာပေ့ါ"

"နည်းသိပါရစေခင်ဗျာ"

"စကတည်းက မပေးနဲ့လေ"

## အမြင်ရှိသူ

သူငယ်ချင်းနှစ်ယောက်အလုပ်တစ်ခု စပ်တူလုပ်တယ်။ တစ်ဦးက ငွေစိုက်၊ တစ်ဦးကအကောင်အထည်ဖော်။ လုပ်ငန်းကမအောင်မြင်ဘဲ ရှုံးသွားတယ်။ ရပ်လိုက်ရတယ်။ ငွေစိုက်သူက

"မင်း စီးပွားရေးအမြင်ရှိတယ်ဆို ခုတော့ရှုံးပြီ"

"ဝန်ခံပါတယ်ကွာ၊ မင်းလုပ်ငန်းအောင်မြင်ချင်ရင် ငါ့မိန်းမနဲ့တွဲလုပ်ကွာ၊ သူကတော့ စီးပွားရေးအမြင်ရှိတာ သေချာတယ်။ တို့နှစ်ယောက် အလုပ်လုပ်တာမှာ သူကဘေးကနေပြီး ကားတစ်စီးမြတ်သွားတယ်ကွာ"

## စွမ်းရည်ပြည့်လုပ်အားရဖို့

"မင်းရဲ့ဌာနမှာ ဝန်ထမ်းဘယ်လောက်ရှိသလဲ"

"၄၀ ပါ"

"သူတို့လုပ်နိုင်စွမ်းရည်ရဲ့ ရာနှုန်းဘယ်လောက်လောက်ပဲရသလဲ"

"၂၀ ရာနှုန်းလောက်ပဲ ရပါတယ်"

"ကောင်းပြီ၊ သူတို့တတ်တတ်ကြွကြွနဲ့ လုပ်အားစွမ်းရည် အပြည့်အလုပ်လုပ်အောင် အမျိုးသမီးဝန်ထမ်း နှစ်ဦးခန့်လိုက်၊ ငယ်ငယ်ချောချောဖြစ်ပလေ့စေ"

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

February 5th မှ February 11th ကြား

စိတ်အနှောင့်အယှက်များ၊ အခက်အခဲများလွှမ်းမိုးနေသည်။ အကြံမှားစေရန်အတွက်လည်းကောင်း၊ ဆုံးဖြတ်ချက်မှားစေရန်အတွက်လည်းကောင်း တိုက်တွန်းပြောဆိုသောဖြစ်ရပ်များကြုံမည်။ လူမှုရေးအနှောင့်အယှက်ဂရုစိုက်ရမည်။ ငွေကြေးကိစ္စစကားပြောရမည်။ ပိုျရှယ်သူများ စန်းပွင့်မည်။ ရုတ်တရက်အိမ်ထောင်ကျကိန်းရှိမည်။ ရှောင်ပါ။ အိမ်ထောင်သည်များအဖို့ ဘေးစကားအနှောက်အယှက်နှင့် သွေးသားစွက်ဖက်မှုများကြောင့် ပဋိပက္ခပြဿနာများ ဖြစ်လာတတ်သည်။ အိမ်တွင်ပစ္စည်းအပျောက်အရှုများမည်။ ငွေကြေးလက်လွှန်မှုသတိရှိပါ။ အဓိကရန်အတိုက်အခံများပေါ်မည်။ ကျန်းမာရေးချူချာနိုင်သည်။ အနအထိုင်ပေါ့ဆမှုကြောင့် ဝေဒနာဟောင်းများပြန်ဖြစ်မည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

February 5th မှ February 11th ကြား

အန္တရာယ်များဝန်ရံနေသည်။ ဆေးရုံ၊ ဆေးခန်းရောက်မည်။ ကိုယ်လုပ်သမျှ နှောင့်နှေးခြင်း၊ ကြန့်ကြာခြင်းများကြုံမည်။ အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့မည်။ ခါတိုင်းမော်မကြည့်ဝံ့သူများကပင် မထီမဲ့မြင်ပြုလိမ့်မည်။ ပြဿနာနှစ်ခု ထိပ်တိုက်ရင်ဆိုင်နေဆဲ နောက်တစ်ခုပေါ်လာမည်။ ပူဆွေးရခြင်း၊ ကြေကွဲရခြင်းများ ဖြစ်ပေါ်နိုင်သည်။ စိတ်ပင်ပန်းစရာများကြုံမည်။ အလိုအလျောက်ရန်ပေါ်နေသည်။ အမှားကိုထောက်၍ အပြစ်ရှာဒုက္ခပေးသူများနှင့်တွေ့မည်။ ဥပဒေအန္တရာယ်နှင့် ငြိတွယ်နိုင်သော ကိစ္စမှန်သမျှ ရှောင်ပါ။ မိဘ၊ ဆွေမျိုးအကြီးအကဲ ကျန်းမာရေးအညံ့ရှိသည်။ ပစ္စည်းလျောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ လူလိမ်လူကောက်အန္တရာယ်ဂရုစိုက်ပါ။ အပြောကြီး ဟန်များ၍ ဒုက္ခပေးသောသူများနှင့် ကြုံတွေ့မည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

February 5th မှ February 11th ကြား

စိတ်ကောင်းစေတနာကောင်းနှင့် သူတစ်ပါးအပေါ်ကူညီရာမှ ပြဿနာများဖြစ်ပေါ်လာတတ်သည်။ ဆောင်ရွက်သမျှ အလုံးစုံကသောင်းကနင်း၊ ကပေါက်ကချာဖြစ်တတ်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စများတွင် အပြောအဆိုသတိရှိရမည်။ လုပ်နေကြမဟုတ်သော အလုပ်ကိစ္စများကို ကိုင်တွယ်ဦးဆောင်ရမည်။ အန္တရာယ်များသော၊ တာဝန်ကြီးသောကိစ္စများ ဆောင်ရွက်ရမည်။ သတိနှင့်ဆောင်ရွက်ခြင်းဖြင့် အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ နေအိမ်နေရာထိုင်ခင်းပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ရမည်။ ဝန်းကျင်အတွင်း မီးဖွားသူ၊ မျက်နှာမြင်သူရှိလိမ့်မည်။ မျက်နှာမြင်သောကလေးအနက် သားယောကျ်ားလေးဖြစ်က အနီးလက်ဆောင်ပေးလိုက်ပါ။ ထူးခြားသောနိမိတ်ကောင်းများ မိမိထံကျရောက်လာမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

February 5th မှ February 11th ကြား

ပစ္စည်းပျောက်မည်။ ငွေကုန်များမည်။ ကျန်းမာရေးချူချာမည်။ လုပ်လိုသည်များအလွဲလွဲအချော်ချော်ဖြစ်မည်။ စိတ်ရှုပ်စရာမများကြုံရမည်။ မူလရည်မှန်းထားသည်ကတစ်မျိုး၊ လက်တွေ့ဖြစ်နေသည်ကတစ်မျိုး ကြုံမည်။ အတက်ပညာနှင့်ပတ်သက်သောကိစ္စများအောင်မြင်မည်။ ငွေကြေးကိစ္စပြောဆိုမှုများအဆင်ပြေမည်။ မိသားစုကျန်းမာရေးဂရုစိုက်ရမည်။ ငွေကြေးအကုန်အကျများမည်။ ခရီးကိစ္စအတွက်စီစဉ်ရမည်။ အပြောင်းအလဲအတွက် ဆောင်ရွက်ရမည်။ မိတ်ဆွေဟောင်းတစ်ဦး၏ အလှူအတန်းကိစ္စများလိုက်လံကူညီပေးရမည်။ မေတ္တာရေးစန်းကောင်းမည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

February 5th မှ February 11th ကြား

ကျန်းမာရေးဂရုစိုက်ရမည်။ မတော်တဆထိခိုက်မှုအန္တရာယ်သတိရှိပါ။ သူတစ်ပါးနှင့်ဆက်စပ်ပြီး လုပ်သောလုပ်ငန်းများအကျိုးပေးမည်။ ထူးခြားသောလုပ်ငန်းများ၊ ပရဟိတဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ရမည်။ စုစည်းပေါင်းစပ်၍ ဆောင်ရွက်ခြင်းများမှ အထူးကောင်းကျိုးပေးခြင်းများဖြစ်မည်။ လုပ်ငန်းဟောင်းများရပ်၍ လုပ်ငန်းသစ်စတင်ရမည်။ အရွေးရခက်အောင်အခွင့်အရေးနှစ်ခုပေါ်တတ်သည်။ မီးဘေးန္တရာယ်ဂရုစိုက်ပါ။ လျှပ်စစ်ပစ္စည်းများကို သတိနှင့်ကိုင်တွယ်ရမည်။ ပိုျရှယ်သူများတွင် မေတ္တာရေးစန်းကောင်း၍ ရုတ်တရက်အိမ်ထောင်ကျတတ်သည်။ အပြိုင်အဆိုင်အားလုံးကို ကျော်၍ တက်လမ်းရမည်။ ယာဉ်ကားမောင်းနှင်သူများအထူးသတိပြုပါ။ အနက်ရောင်ဝတ်ဆင်ခြင်းမပြုရ။ မျက်စိနှင့်ပတ်သက်သော ရောဂါဖြစ်မည်။ ချက်ချင်းကုသပါ။ မပေါ့ဆအပ်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

February 5th မှ February 11th ကြား

အလုပ်ကိစ္စများနှင့် အခြေအနေအလုံးစုံကို သုံးသပ်ဆုံးဖြတ်ချက်ပြုသောအခါများတွင် ကိုယ်တိုင်ကိုယ်ကျမျက်မြင်ကိုယ်တွေ့ လေ့လာပြီးမှ ဆောင်ရွက်ပါ။ တစ်ပါးသူစကားနားယောင်၍ လုပ်ကိုင်မိခြင်းမျိုးမရှိစေရန် ထိန်းသိမ်းပါ။ ပေါ်ပေါက်လာသော စိတ်ကူးအကြံဉာဏ်ကို လက်တွေ့အကောင်အထည်ဖော်ရန် ဝန်မလေးသင့်။ မည်သည့်အရာကိုမျှ လျှို့ဝှက်ပြီးလုပ်၍ မရ။ လူမသိအောင် တိတ်တဆိတ်လုပ်ခြင်း၊ လျှို့လျှို့ဝှက်ဝှက်ဖုံးကွယ်၍ လုပ်ခြင်းများဆောင်ရွက်၍ မရ။ ထိုသို့လုပ်လေ လူသိရှင်ကြားဖြစ်လေကြုံမည်။ ခရီးသွား၍ အကျိုးရှိမည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်သောကိစ္စမှ တိုးတက်မှုအဆင့်ဆင့်ကြုံမည်။ သစ္စာမဲ့သူများ၊ စကားမတည်သူများနှင့် ကြုံတတ်သည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

February 5th မှ February 11th ကြား

အလုံးစုံအဆင်ပြေမည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ မိတ်ကောင်းဆွေကောင်းများထံမှ စိတ်ချမ်းမြေ့စရာများကြုံတွေ့ရမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် အခက်အခဲများနှင့် တွေ့ပြီးမှ အရာရာအဆင်ပြေသွားမည်။ ဖြေရှင်းရန်ခက်ခဲသော ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ လုပ်ငန်းခွင်မှ သူများလုပ်ရိုးလုပ်စဉ်မဟုတ်သော အပိုဆောင်းလုပ်ငန်းများလုပ်ရမည်။ မူလရည်မှန်းထားသည်နှင့်မတူသော ပြုပြင်ပြောင်းလဲမှုများကြုံပြီး အရာရာအဆင်ပြေခြင်းရှိမည်။ ငွေအစုလိုက်ဝင်မည်။ လာဘ်ပွင့်မည်။ အလုပ်တိုးတက်မည်။ ပြဿနာများငြိမ်းချမ်းသွားမည်။ ဆောင်ရွက်ထားသောကိစ္စများမှ ကောင်းသောအကျိုးဆက်ရမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

February 5th မှ February 11th ကြား

အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များအကောင်အထည်ဖော်နိုင်မည်။ ရန်အနှောင့်အယှက်များတွေ့မည်။ စိတ်ကူးထားသည်နှင့် လက်တွေ့ဆောင်ရွက်မှုများကွာဟနေမည်။ မတော်တဆထိရှမှု အန္တရာယ်များဂရုစိုက်ရမည်။ တစ်ပါးသူပြဿနာအခက်အခဲများကြား ဝင်ပတ်သက်ရကိန်းကြုံမည်။ အပျောက်အရှုများမည်။ အရေးကြီးသောစာရွက်စာတမ်း၊ ငွေကြေးကိစ္စများကို သတိနှင့်ယှဉ်၍ လုပ်ကိုင်ပါ။ မိမိအားအနှောင့်အယှက်ပေးသောသူ၊ ဒုက္ခပေးသောသူမှန်သမျှသည် အတွင်းလူ၊ အနီးကပ်လူများသာဖြစ်သည်။ ယုံကြည်မှုကို အလွဲသုံးစားလုပ်များနှင့်တွေ့မည်။ မိသားစု၊ မောင်နမသားချင်းကိစ္စရေးရာအဖြာဖြာကို တာဝန်ယူရမည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

February 5th မှ February 11th ကြား

ရုတ်တရက် ဖြစ်ပေါ်လာသော အပြောင်းအလဲကြောင့် လုပ်ကိုင်သမျှနှောင့်နှေးမည်။ ကတိစကားမတည်သောသူများနှင့်တွေ့မည်။ မူလစီစဉ်ထားသည်များ ပျက်ယွင်းတတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ အိမ်တွင်းရေး၊ လူမှုရေးများတွင် အညံ့ရှိမည်။ လူယုံဒုက္ခပေးတတ်သည်။ လူလိမ်လူကောက်များနှင့် ဆက်ဆံနေရမည်။ မမျှော်လင့်ဘဲအကြံသစ်၊ လုပ်ငန်းသစ်တခု စတင်ဆောင်ရွက်ရန် စိတ်ကူးမိလိမ့်မည်။ ရဲရဲရှေ့တိုးလုပ်ပါ။ အခက်အခဲကြားမှ စတင်လင့်ကစား ထူးခြားသော အကျိုးကောင်းများဖြစ်ပေါ်စေသော အနေအထားကြုံမည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

February 5th မှ February 11th ကြား

အခက်အခဲများကျော်လွှားနိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ရုတ်ချည်းဆုံးဖြတ်ပြီး ရှေ့တိုးလုပ်ကိုင်သည်များမှ အထင်အရှားအောင်မြင်ခြင်းကြုံမည်။ အရေးကြီးသောဆုံးဖြတ်ချက်ချရမည်။ ဆုံးဖြတ်ပြီးနောက် တွေဝေခြင်း၊ တပါးသူစကားနားယောင်၍ ကြန့်ကြာခြင်း မရှိသင့်။ ပြတ်သားစွာရှေ့တိုးဆောင်ရွက်ပါ။ ဖြစ်ပေါ်လာသော အပြောင်းအလဲသစ်များကို လက်တွေ့အသုံးချ၍ ထူးခြားစွာအောင်မြင်ခြင်းရမည်။ ယှဉ်ပြိုင်မှုအောင်မြင်မည်။ ပုံမှန်ဝင်နေကျမဟုတ်သော ငွေဝင်ကိန်းပေါ်မည်။ မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူရမည်။ အမျိုးသမီးမိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ မေတ္တာရေးကောင်းမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ မိသားစုအလုပ်စီးပွားတိုးတက်မည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

February 5th မှ February 11th ကြား

အမှုအခင်းပြဿနာများ မိမိထံလာရောက်ပတ်သက်တတ်သည်။ ကိုယ်မပြောသောစကားများ၊ ကိုယ်မလုပ်သောကိစ္စများလုပ်သယောင် စွပ်စွဲပြောဆိုခြင်းမျိုးခံရတတ်သည်။ ရင်းနှီးသူများနှင့် ပဋိပက္ခများကြုံမည်။ ကိုယ်လုပ်နေသည့်ကိစ္စများကို လိုက်လံတားဆီးနှောင့်ယှက်သူများနှင့်ကြုံမည်။ ဦးတည်လိုက်တိုင်းနေရာတိုင်းတွင် အတားအဆီးရှိမည်။ ပြီးပျောက်သွားပြီဟု မှတ်ယူထားသောအတိတ်ကာလမှ ပြဿနာဟောင်းများ၊ ရန်များပြန်ပေါ်လာပြီး ဖြေရှင်းရကိန်းကြုံမည်။ သံယောဇဉ်မထားသင့်သူကိုထားခြင်း၊ အချစ်မှားဆုံးဖြတ်ချက်မှားခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ မိသားစုအတွင်းပဋိပက္ခများရှိမည်။ အပြန်အလှန်ကတောက်ကစပြဿနာများ ဖြစ်ပေါ်နိုင်သည်။ ခရီးသွားရန်ကိစ္စများသည်ကား အလိုရှိသလိုဆောင်ရွက်အဆင်ပြေခြင်းရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြောင်းလဲ၍ တိုးတက်သောကံပေါ်မည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

February 5th မှ February 11th ကြား

အခက်အခဲနှင့် ထိပ်တိုက်တွေ့ရမည်။ ရန်မနာလိုသူများနှင့် စကားများရတတ်သည်။ လူလိမ်လူရှုပ်ဒုက္ခပေးတတ်သည်။ လုပ်ကိုင်နေသောလုပ်ငန်းများတွင် ကြိုတင်တွက်ဆထားသည့် အခက်အခဲတစ်မျိုး၊ လက်တွေ့ဖြစ်ပေါ်သည့် ပြဿနာနှင့် ကွာဟနေမည်။ ပြင်ဆင်ထားသည်ကတစ်မျိုး၊ လက်တွေ့လုပ်ရသည်ကတစ်မျိုးဖြစ်နေမည်။ မတော်တဆထိခိုက်မှုအန္တရာယ် အထူးဂရုစိုက်ရမည်။ လုပ်နေသော လုပ်ငန်းအချို့ ရုတ်တရက် ရပ်တန့်သွားတတ်သည်။ အရောင်းအဝယ်ကိစ္စမှန်သမျှကို သတိနှင့်ဆောင်ရွက်ပါ။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ သူတစ်ပါးကတိစကားအပေါ် ယုံစားမဏ္ဍိုင်ထားပြီး အလုပ်စီးပွားများ လုပ်ကိုင်ခြင်းမပြုသင့်။

# အားကစား

## မောင်မြန်မာ စက်ဘီးတစ်မျိုးတည်းသာ ယှဉ်ပြိုင်နိုင်မည့် စက်ဘီးပြိုင်ပွဲ ကျင်းပမည်

စက်မှု(၁)ဝန်ကြီးဌာနမှထုတ်လုပ်သည့်မောင်မြန်မာစက်ဘီးများဖြင့်သာဝင်ရောက်ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲအား ဖေဖော်ဝါရီလ ၂၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဟု သတင်းရရှိသည်။ အဆိုပါမောင်မြန်မာ စက်ဘီး ပြိုင်ပွဲတွင် အလွတ်တန်း(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၊ တိုင်းနှင့် ပြည်နယ်(ကြည်း၊ ရေလေ)လက်ရွေးစင်(အမျိုးသားအမျိုးသမီး)ပြိုင်ပွဲဟူ၍ပါဝင်မည်ဖြစ်သည်။ "အမျိုးသားပြိုင်ပွဲကသုဝဏ္ဏအားကစားကွင်းဂိုးလ်ဟိုတယ်ရှေ့ကနေတာလွှတ်ပြီး၊ ဝေဇယန္တာလမ်း၊သုဓမ္မလမ်းနဲ့အမှတ်(၃)လမ်းမကြီးအတိုင်းအမှတ်(၃)လမ်းမ(အဝိုင်း)ကပြန်လှည့်ပြီး ဂိုးလ်ဟိုတယ်ရှေ့မှာ ပန်းဝင်မှာပါ။ အမျိုးသမီး ပြိုင်ပွဲကတော့ အမှတ်(၁) လမ်းမကြီးနဲ့လှည်းကူး လမ်းဆုံ(အဝိုင်း)ကနေတာလွှတ်ပြီး ဂိုးလ်ဟိုတယ်ရှေ့မှာပန်းဝင်မှာပါ"ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အလွတ်တန်းပြိုင်ပွဲအတွက်ပထမကျပ်ငါးသိန်း၊ ဒုတိယကျပ်သုံးသိန်း၊ တတိယကျပ်နှစ်သိန်းငါးသောင်း၊ တိုင်းနှင့်ပြည်နယ် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်ပြိုင်ပွဲအတွက်ပထမကျပ်လေးသိန်း၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယကျပ်နှစ်သိန်းငါးသောင်းချီးမြှင့်မည်ဖြစ်ပြီးအမှတ်စဉ်(၂၀)အထိပန်းဝင်သူများကိုလည်းဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်သည်။ပြိုင်ပွဲဝင်မည့်အားကစားသမားများသည် ဖေဖော်ဝါရီလ၂၅ရက်နောက်ဆုံးထား၍မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်(သုဝဏ္ဏအားကစားကွင်း) သို့သတင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ မောင်မြန်မာစက်ဘီးပြိုင်ပွဲအားဇန်နဝါရီလအတွင်းကမန္တလေးမြို့တွင် ကျင်းပခဲ့ပြီး၊ လာမည့်မတ်လ ၂ ရက်တွင်လည်း မုံရွာမြို့တွင် မောင်မြန်မာလူသစ်တန်းစက်ဘီးပြိုင်ပွဲကိုဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အထက်နှင့်အောက် မြန်မာပြည် တက္ကသိုလ် လက်ရွေးစင် ဘောလုံးအသင်းများ ချစ်ကြည်ရေး ပြိုင်ပွဲ ကျင်းပမည်

အောက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်းများနှင့်အထက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်ဘောလုံး အသင်းများ၏ချစ်ကြည်ရေး ခြေစမ်းပွဲများကိုရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင်တစ်ပြိုင်နက်ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။ ၎င်းပြိုင်ပွဲများကိုဖေဖော်ဝါရီ ၁၅ရက်မှ စတင်ကာ ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းနှင့် မန္တလေးမြို့ဗထူး အားကစားကွင်းတို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင်အောက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်(ကျား)နှစ်သင်းနှင့်အထက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်(ကျား)နှစ်သင်းတို့ပတ်လည်အမှတ်ပေးစနစ်ဖြင့်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး၊အမှတ်အများဆုံးနှစ်သင်းသည်ဖေဖော်ဝါရီ ၂၅ရက်တွင်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အောက်မြန်မာပြည်တက္ကသိုလ်လက်ရွေးစင်(မ) နှစ်သင်းနှင့်အထက်မြန်မာပြည် တက္ကသိုလ်လက်ရွေးစင်(မ) နှစ်သင်းတို့သည်လည်း မန္တလေးမြို့ဗထူးအားကစားကွင်းတွင်ပတ်လည်အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး၊ အမှတ်အများဆုံးနှစ်သင်းသည်ဖေဖော်ဝါရီ ၂၄ရက်တွင်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါနောက်ဆုံးဗိုလ်လုပွဲစဉ်များကိုမြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲများမှ မြန်မာနိုင်ငံ၊ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များလက်ရွေးစင်ဘောလုံးအသင်း(ကျား၊ မ)ကို ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## လက်ရွေးစင်အသင်းအတွက် လူရွေးချယ်ရန် ဘိလိယက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာ့လက်ရွေးစင်ဘိလိယက်အားကစားသမားများရွေးချယ်မည့်ပြိုင်ပွဲအားရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်လေ့ကျင့်ခန်းမတွင် ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။ အဆိုပါပြိုင်ပွဲအားဖေဖော်ဝါရီလ၁၀ရက်တွင်စတင်ကျင်းပသွားမည်ဖြစ်သည်။"ဆီးဂိမ်းပြီးကတည်းကလက်ရွေးစင်ကစားသမားတွေစခန်းသွင်းလေ့ကျင့်တာကို ရပ်နားထားခဲ့ပါတယ်။နောက်လာမယ့် နိုင်ငံတကာပြိုင်ပွဲတွေအတွက် ဒီပြိုင်ပွဲကနေ ရွေးချယ်လေ့ကျင့်သွားမှာပါ။ လက်ရွေးစင်အားကစားသမားတွေကိုလည်းပြန်အရွေးခံကစားရမှာပါ"ဟု မြန်မာ့ဘိလိယက်လက်ရွေးစင်နည်းပြချုပ်ဒေါက်တာဦးမင်းနိုင်ကပြောသည်။ ၎င်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဦးရေကန့်သတ်ထားခြင်းမရှိဘဲပြိုင်ပွဲဝင်ကစားသမားအရေအတွက်ပေါ်မူတည်၍ပွဲစဉ်ဇယားရေးဆွဲသွားမည်ဖြစ်သည်။ယခုပြိုင်ပွဲမှလက်ရွေးစင်ဘိလိယက်အားကစားသမားများ ရွေးချယ်၍လာမည့်ဧပြီလအတွင်း အိန္ဒိယနိုင်ငံ၊ အင်ဒိုမြို့တွင် ကျင်းပမည့် ၉ကြိမ်မြောက်အာရှချန်ပီယံရှစ်ဘိလိယက်ပြိုင်ပွဲအတွက်စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်းနည်းပြချုပ်က ဆက်လက်ပြောသည်။ အထက်ပါပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်လိုသည့်အားကစားသမားမည်သူမဆို ဖေဖော်ဝါရီလ ၅ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးခန်း(အောင်ဆန်းကစား ပြိုင်ဝင်းသို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ မြန်မာဘိလိယက်အားကစားအဖွဲ့သည် ပြီးခဲ့သည့် လာအိုဆီးဂိမ်းပြိုင်ပွဲ၌ တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုစီရရှိခဲ့ပြီး၊ ဗိုလ်လုပွဲစဉ်တွင်ကျော်ဦးက စင်ကာပူနာမည်ကြီး အားကစားသမား ပီတာဂေးခရေ့စ်အား လည်းကောင်း၊ ကျော်ဦးနှင့်အောင်ဌေးအတွဲက ထိုင်းအတွဲအားလည်းကောင်းရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရတနာပုံအသင်း၏ ချစ်စနိုး အမည်အား ထိုးမုန့်ဟုမှည့်

နှစ်နှစ်ဆက်တိုက် မြန်မာနေရှင်နယ်လိဂ်၏ချန်ပီယံဘွဲ့ကိုရယူထားနိုင်သည့် ရတနာပုံအက်ဖ်စီအသင်းအားပရိသတ်များ ချစ်စနိုးခေါ်ဆိုနိုင်ရန်အတွက် အသင်း၏ အမည်ပြောင်းအား Boxing Cake (ထိုးမုန့်)ဟူသည့်အမည်ဖြင့်အသုံးပြုရန် အသင်းပိုင်ရှင်ဒေါက်တာစိုင်းဆမ်ထွန်းက အသိအမှတ်ပြုလိုက်ကြောင်း သိရသည်။ ရတနာပုံ အက်ဖ်စီပရိသတ်များဖွဲ့စည်းတည်ဆောက်ထားသည့် www.yandanarbonfans.com ဝက်ဘ်ဆိုက်တွင် အဆိုပါ Nick Name ရွေးချယ်ရန်အတွက် Member များမှ အမည် ၅ခုအားရွေးချယ်မဲပေးရပြီး အများစု ရွေးချယ်သည့်အဆိုပါအမည် ပြောင်အား ဒေါက်တာစိုင်းမှ အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ကြောင်း အဆိုပါဆိုက်တွင်သတင်းဖော်ပြထားသည်။ "ကျွန်တော်တို့ကတော့ ဒီနာမည်ကိုကြိုက်တယ်။ထိုးမုန့်ဆိုတာနဲ့မန္တလေးကိုတန်းမြင်သလို၊အခုလည်း Boxing Cake ဆိုတာနဲ့ရတနာပုံကို မန္တလေးရဲ့ပြယုဂ်အဖြစ် အားလုံးကြိုက်တဲ့အရာအဖြစ်ခိုင်းနှိုင်းထားတာပေ့ါ"ဟုမန္တလေးမြို့ခံရတနာပုံပရိသတ်တစ်ဦးကပြောကြားသည်။ နိုင်ငံတကာတွင်လည်းယင်းသို့ပရိသတ်အလိုက် ချစ်စနိုးခေါ်ဝေါ်ကြသည့် နာမည်များ အသင်းအသီးသီးတွင်ရှိကြပြီးမြန်မာနေရှင်နယ်လိဂ်တွင်မူရတနာပုံအက်ဖ်စီသည် ပထမဦးဆုံးသော Nick Name ရရှိသည့် အသင်းဖြစ်လာကြောင်းယင်းဝက်ဘ်ဆိုက်တွင်ရေးသားဖော်ပြထားသည်။ယင်းအမည်ပေးရခြင်းမှာမန္တလေးဒေသထွက်စားဖွယ်ဖြစ်သည့်ထိုးမုန့်သည် မြန်မာပြည်တွင်သာမကနိုင်ငံတကာတွင်ပါသိရှိထားပြီးဖြစ်သည့်အတွက်ရွေးချယ်အမည်မှည့်ခြင်းဖြစ်ကြောင်း၂၀၁၀ခုနှစ်ဖေဖော်ဝါရီ ၄ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပ

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကိုဖေဖော်ဝါရီ ၁ ရက်နေ့နံနက် ၇ နာရီတွင်ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များတင်းနစ်အားကစားကွင်း (သထုံလမ်း) ၌ကျင်းပရာမြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်တာဝန်ရှိသူများ၊အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ၊ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များတက်ရောက်ကြည့်ရှုအားပေးကြသည်။ ရှေးဦးစွာ အဆင့်မြင့် ပညာဦးစီးဌာန ( အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးကအဖွင့်အမှာစကားပြောကြားပြီးပြိုင်ပွဲဝင်တင်းနစ် အားကစား မောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကိုရွတ်ဆိုကြသည်။ ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကတင်းနစ်ရိုက်၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ယင်းနောက်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲ၏ ပထမနေ့အဖြစ် အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲများကို စတင်ကျင်းပသည်။ အဆိုပါ တက္ကသိုလ် ၊ဒီဂရီကောလိပ်များ တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်အထိ နေ့စဉ်နံနက် ၈နာရီတွင်ယင်းတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

# အနုပညာ

## နေတိုးနဲ့ ပဟေဠိဖြစ်ရတဲ့ကြော်ငြာ

တီဗွီမှလတ်တလော ကြော်ငြာနေတဲ့ နေတိုးရဲ့ကြော်ငြာတစ်ခုက အမျိုးသားဝတ် အောက်ခံဘောင်းဘီကြော်ငြာပါ။ စတိုင်နဲ့လာတဲ့ နေတိုးကို မိုးဟေကိုက နှုတ်ခမ်းရှုံ့လိုက်တာရယ်၊ အတွင်းခံဘောင်းဘီကို နေတိုးဝတ်မပြတာရယ်ကြောင့် ကြော်ငြာပစ္စည်းကို ကြော်ငြာပေးသူ နေတိုးနဲ့တွေ့ဆုံပြီးကြော်ငြာနဲ့ ပတ်သက်တာတွေပြောဖြစ်ကြပါတယ်။ နေတိုးရဲ့ အဖြေများက။ “တချို့ကြော်ငြာတွေက Story နဲ့လာတယ်။ တချို့ကလည်း Play Back နဲ့လာတယ်။ အဲဒီအခါ တချို့နေရာတွေမှာ ဒါရိုက်တာ၊ တွဲရမယ့် မင်းသမီးတို့နဲ့ညှိပြီးရိုက်ရတာရှိပါတယ်။ Story နဲ့လာတာကျတော့ သိပ်မညှိရဘူး။ Story တစ်ခုကို အကောင်အထည် ဖော်ဖို့ ကိုယ်ကအကောင်းဆုံးဖြစ်အောင် ကြိုးစားပေး၊ အသက်သွင်းပေးရတဲ့ သဘောပါပဲ။ ကိုယ့်ရဲ့ပုံစံလည်း မပျက်၊ ကြော်ငြာရဲ့ အဓိပ္ပာယ်လည်း မထိခိုက်အောင် လုပ်ပေးရပါတယ်။ Under Wear ကြော်ငြာကို ဝတ်ပြပြီး ကြော်ငြာသင့်တယ်လို့ ထင်လို့လား။ ရလည်း ဝတ်ပြပြီး မရိုက်ပါဘူး။ ဂါရဝ၊ နိဝါတ တရားတွေအရရော၊ ယဉ်ကျေးမှုအရ ပရိသတ်ကို အဂါရဝ မဖြစ်စေချင်ပါဘူး။ များများ ရှက်တတ်ပါတယ်။ (အနည်းငယ် ရယ်ပါသည်)။ စတိုင်ဘောင်းဘီနဲ့ ကျွန်တော့်ကို မိုးဟေကိုကကြည့်ပြီး နာခေါင်းရှုံ့တာ ဘာကြောင့်လဲဆိုတာတော့ ဒါရိုက်တာသာ သိပါလိမ့်မယ်။ အဲဒီ Plot တွေအပြင် Storyတွေ အများကြီးလည်း ရိုက်ထားပါသေးတယ်။ လွှင့်ပါလိမ့်မယ်”လို့ ပြောပြခဲ့ပါတယ်။ နေတိုးကို ဒါရိုက်တာဝိုင်းနဲ့ ဗီဒီယိုရိုက်ကွင်းမှာ တွေ့ခဲ့တာပါ။ “ထန်းရည်သောက်တဲ့အခန်းမှာ ထန်းရည်အစားလိုက်ချီးအချိုရည်ကို ထည့်ပြီးသောက်ပါတယ်။ ထန်းရည်သောက်ဖူးပါတယ်။ ပုဂံဘက်ကားရိုက်သွားရင်လည်း သောက်ဖြစ်တယ်။ အခုမသောက် တာက မူးသွားမှာစိုးလို့၊ အိုက်တင်တွေလုပ်ရမယ်၊ ဒိုင်ယာလော့ခ်တွေ ပြောရမယ်၊ အဲဒါကြောင့်ပါ”လို့ လည်း ရှင်းပြပါတယ်။ နေတိုးက ဒါရိုက်တာဝိုင်းနဲ့ နောက်ထပ် ဗီဒီယိုတစ်ကား ရိုက်ပါဦးမယ်။ မင်းသွေး၊ လျှမ်းထက်တို့လည်း ပါဝင်ပြီး အဲဒီကားရိုက်နေစဉ်မှာပဲ အကယ်ဒမီဆုပေးပွဲတက်မှာဖြစ်ပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၃ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)

## အကယ်ဒမီစင်မြင့်မှာ သီချင်းဆိုမယ့် ဒေသင်ချိုဆွေ

“ပေါက်တဲ့အိုး” စီးရီးနဲ့ပဲ တစ်ခေတ်ဖြစ်သွားတဲ့ ဒေသင်ချိုဆွေက နယ်အနှံ့သီချင်းဆိုနေရပါတယ်။ စတိတ်ရှိုးများမှာသာမက ဇာတ်ပွဲတွေမှာလည်း သီဆိုလျက်ရှိ ပါတယ်။ သီချင်းစဆိုကတည်းက အောင်မြင်ချင်တဲ့စိတ်နဲ့ စီးရီးထုတ်ခဲ့တာဖြစ်ပေမယ့် ခုလောက်အားပေးမှုရမယ်၊ အောင်မြင်မယ်လို့ မထင်ခဲ့မိကြောင်းကိုလည်း ရိုးသားစွာပြောလာပါတယ်။ ခုတော့ အားရက်၊ နားရက်မရှိသလောက်ဖြစ်နေပြီး၊ ပရိသတ်မသိသေးသော ကာလမှာ ခါးသီးတဲ့ အတွေ့အကြုံရှိခဲ့ပေမယ့် ခုတော့ အားလုံးရဲ့ သတိထားပြီးစောင့်ကြည့်တာခံနေရတဲ့ အဆိုတော်မလေးဖြစ်နေပါပြီ။ အဲဒီအတွက် ဗီဒီယိုကိုလည်း ၁ကားသာရိုက်ပြီး ဆက်မရိုက်ဖြစ်တာ ဖြစ်ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်သင်တန်းလည်း တက်ထားသူမို့ တစ်နေ့မှာတော့ သရုပ်ဆောင်လောကထဲ ဝင်မှာ ဖြစ်ပါတယ်။ ဗီဒီယိုမရိုက်တော့တာနဲ့ ပတ်သက်လို့ ဒေသင်ချိုဆွေရဲ့ အပြောက......... “ဂီတလောကမှာ ပရိသတ်သိလာတဲ့အခါ အလုပ်လည်းများလာပါတယ်။ အဲဒီအခါ သရုပ်ဆောင်ဘက်ကို အချိန်သိပ်မပေးနိုင် သေးတာမို့ မရိုက်တာပါ။ ရှိုးပွဲရာသီမို့ ခရီးထွက်ရတာများပါတယ်။ ရိုက်ကူးရေးရရှိရင် ကိုယ့်အတွက်နဲ့ တခြားလူတွေ အဆင်မပြေဖြစ်မှာ၊ စောင့်ရမှာစိုးပါတယ်။ ဒါကြောင့် သရုပ်ဆောင်ပိုင်းကို ခဏရပ်ထားတာပါ” လို့ပြောပါတယ်။ ပရိသတ်နဲ့ သီချင်းသစ်အဆက်မပြတ်ရေးအတွက် အတွဲခွေ (၃)ခွေမှာ သီချင်းသစ် (၁)ပုဒ် စီဆိုထားပြီး ဒုတိယစီးရီးအတွက်လည်း သီချင်းရွေးနေကြောင်း သိရပါတယ်။ ဒေသင်ချိုဆွေက ၂၀၀၉ခုနှစ်အတွက် စီးရီးအရောင်းရဆုံး အဆိုတော် (၃)ယောက်ထဲ မှာပါဝင်သူအဖြစ် စီးတီးအက်ဖ်အမ်က ရွေးချယ်ထားတာပါ။ သို့သော်စီးတီးအက်ဖ်အမ်ပွဲမှာ မတွေ့ရပါဘူး။ အဲဒီအကြောင်းပြောပြတဲ့အခါ “ဒေသင့်ဆီကို ဖိတ်စာမရောက်ပါဘူး။ အဲဒီနေ့က ပွဲရှိတာမှန်ပေမယ့် ဖိတ်စာက ၂ရက်လောက်ကြိုရောက်ရင် တခုခုစီစဉ်လို့ ရနိုင်ပါတယ်။ ဖိတ်စာမရောက်ဖို့သာ မတက်ဖြစ်တာပါ” လို့ရှင်းပြပါတယ်။ နယ်ပွဲသွားတဲ့အခါ ကိုယ့်သီချင်းအပြင် တခြားအဆိုတော်တွေရဲ့ နာမည်ကြီးသီချင်းတွေ “တိုက်” သွားပေမယ့် ပရိသတ်က “ပေါက်တဲ့အိုး”ထဲက သီချင်းတွေသာ တောင်းဆိုကြတာ များပါတယ်။ ၂၀၀၈မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ သီချင်းနဲ့ဖျော်ဖြေမှာဖြစ်ပြီး ဝတ်စုံနဲ့ မိတ်ကပ်ဆံပင် ညီညီမောင်၊ ဖိနပ် မန္တလေးရွှေနဂါးတို့က ပံ့ပိုးကြကြောင်းသိရပါတယ်။ နိုင်ငံရပ်ခြားပွဲများလည်း ဖိတ်ကြားခံရပြီး ဖေဖော်ဝါရီ(၁၄)ရက်ဘန်ကောက်ရှိုးမသွားဖြစ်ဘဲ ရန်ကုန်မြို့မှာ (၃)ပွဲဆိုဖို့ လက်ခံထားကြောင်းလည်း ပြောပြပါတယ်။

(၂၀၁၀ခုနှစ်ဖေဖော်ဝါရီလ ၃ရက်နေ့ထုတ် နံနက်ခင်းဂျာနယ်)